# ဆရာများအတွက်အမှာစာ

## ၁။ ဆရာလမ်းညွှန်အသုံးပြုပုံ

### (က) ရည်ရွယ်ချက်

ဤဆရာလမ်းညွှန်စာအုပ်ကို ဆရာ၊ ဆရာမများအနေဖြင့် ဒုတိယတန်းအနုပညာ(ပန်းချီ) ဘာသာရပ်သင်ကြားရာတွင် အထောက်အကူပြုနိုင်ရန်အတွက် ရေးသားပြုစု ထားပါသည်။

အနုပညာပန်းချီဘာသာရပ်ကိုသင်ကြားမှုနယ်ပယ်(၃)ခုဖြင့် ဖွဲ့စည်းထားပါသည်။ ၎င်းတို့မှာ ပန်းချီအနုပညာ၊ လက်မှုအနုပညာနှင့် ရသခံစားတန်ဖိုးထားမှုတို့ဖြစ်ပါသည်။

ပန်းချီအနုပညာ သင်ကြားရခြင်း၏ရည်ရွယ်ချက်မှာ မြင်သည့်အရာကိုစူးစမ်းလေ့လာ၍ ပြန်လည်ဖော်ထုတ်ရေးဆွဲတတ်ရန်၊ မျဉ်းနှင့် အခြေခံပုံသဏ္ဍာန်အမျိုးမျိုးကိုရေးဆွဲပြီး မိမိစိတ်ကူးဖြင့် ဆေးရောင်ခြယ်တတ်ရန်တို့ ဖြစ်ပါသည်။

လက်မှုအနုပညာသင်ကြားရခြင်း၏ ရည်ရွယ်ချက်မှာ မိမိပတ်ဝန်းကျင်တွင် တွေ့ရှိရသော ပစ္စည်းများကို အသုံးပြု၍ ရုပ်ပုံများနှင့် လက်မှုအနုပညာပစ္စည်းများ ဖန်တီးပြုလုပ်တတ်ရန်ဖြစ်ပါသည်။

ရသခံစားတန်ဖိုးထားမှုအပိုင်းကို သင်ကြားခြင်းဖြင့် အနုပညာရှင်များ၏ လက်ရာများကို ကြည့်ရှုလေ့လာပြီး မြန်မာ့ရိုးရာအနုပညာကို လေးစားတန်ဖိုးထားတတ်လာမည်ဖြစ်ပါသည်။


အထက်ပါရည်ရွယ်ချက်များ ပေါက်မြောက်အောင်မြင်စွာသင်ကြားနိုင်ရန် အထူးရည်ရွယ်၍ ဒုတိယတန်းတွင် ကလေးများ၏ အသက်အရွယ်နှင့် လိုက်ဖက်သောအတွေးအမြင်၊ ဖန်တီးမှုဆိုင်ရာ စွမ်းရည်များကို အစဉ်တစိုက်စေ့ဆော်ပေးနိုင်သည့် သင်နည်းများဖြင့် ဆရာလမ်းညွှန်ကို ပြုစုထားပါသည်။ သို့ဖြစ်ပါ၍ဆရာများသည် သင်ခန်းစာမသင်ကြားမီ ဆရာလမ်းညွှန်ပါ အကြောင်းအရာများကို ကြိုတင်လေ့လာထားရန် တိုက်တွန်းအပ်ပါသည်။

အထူးသဖြင့် ကလေးများအား အနုပညာသင်ကြားပေးခြင်းဖြင့် သဘာဝနှင့် ရင်းနှီးပြီး ကိုယ်တိုင်စူးစမ်းလေ့လာတတ်သော အလေ့အကျင့်များရရှိလာမည် ဖြစ်ပါသည်။ ထိုမှတစ်ဆင့် တွေးခေါ်မြော်မြင်မှု၊ ကျွမ်းကျင်မှု၊ တီထွင်ကြံဆတတ်မှုများ ရရှိလာမည်။ အများနှင့် ပူးပေါင်းဆောင်ရွက်တတ်သော၊ တာဝန်ယူတာဝန်ခံစိတ်ရှိသော နိုင်ငံ့သားကောင်းများ ပေါ်ထွန်းအောင် ပြုစုပျိုးထောင်ကြရမည်ဖြစ်ပါသည်။

DBE Box-Copyright Protected

## (ခ) ဆရာလမ်းညွှန်ဖွဲ့စည်းတည်ဆောက်ပုံ

ဤဆရာလမ်းညွှန်တွင် သင်ခန်းစာတစ်ခုချင်းစီကို အောက်တွင်ဖော်ပြထားသည့်အတိုင်း အပိုင်းကဏ္ဍ(၇)ခုဖြင့် ပြုစုတင်ပြထားပါသည်။



(၁) ကျောင်းသုံးစာအုပ်ပါသင်ခန်းစာ

စာသင်ချိန်နှင့်သက်ဆိုင်သည့် ကျောင်းသုံးစာအုပ်ပါသင်ခန်းစာ၏ စာမျက်နှာကိုမိတ္တူကူးယူ ဖော်ပြထားခြင်းဖြစ်ပါသည်။

(၂) သင်ခန်းစာခေါင်းစဉ်နှင့်သင်ကြားချိန်

သင်ခန်းစာပါဝင်သည့်အခန်း၊ သင်ခန်းစာခေါင်းစဉ်၏ နံပါတ်များနှင့် သင်ခန်းစာအမည်ကို စာသင်ချိန်နှင့်အတူ ဖော်ပြထားခြင်းဖြစ်ပါသည်။

ဥပမာ။ ၃-၅ စက္ကူကိုပန်းနှင့်ပန်းအိုးပြုလုပ်ခြင်း။ စာသင်ချိန်(၂)ချိန်။

(၃) သင်ယူမှုဦးတည်ချက်

သင်ခန်းစာတစ်ခုလုံးသင်ကြားပြီးချိန်တွင် ကျောင်းသားများရရှိနိုင်မည့် တိကျသော ဦးတည်ချက်ကိုဖော်ပြထားပါသည်။ ဆရာများအနေဖြင့် သင်ယူမှုဦးတည်ချက်ကို သိရှိနားလည်ထားပါက လုပ်ဆောင်ရမည့်လုပ်ငန်းများကို နည်းလမ်းမှန်ကန်စွာ လုပ်ဆောင်နိုင်ပြီး သင်ခန်းစာဦးတည်ချက်ကို ပေါက်မြောက်အောင်အကောင်အထည်ဖော်နိုင်ပါမည်။

(၄) စစ်ဆေးအကဲဖြတ်ခြင်း

သင်ယူမှုဦးတည်ချက် ပေါက်မြောက်အောင်မြင်မှုရှိ မရှိကို (A, B, C) အဆင့်(၃)ဆင့်ဖြင့် စစ်ဆေးအကဲဖြတ်ရန် ဖော်ပြထားပါသည်။ ကလေးများ၏ သင်ယူတတ်မြောက်မှုသည် အနည်းဆုံး (B) အဆင့် ရရှိစေရန် ဆရာက မျှော်မှန်း၍ သင်ကြားပေးရပါမည်။ သင်ခန်းစာတစ်ခု သင်ကြားနေစဉ်နှင့် သင်ကြားပြီးချိန်တို့တွင် စစ်ဆေးအကဲဖြတ်ရပါမည်။ ကလေးတစ်ဦးချင်းစီ၏ သင်ယူတတ်မြောက်မှု ရလဒ်များကို အဆင့်သတ်မှတ်နိုင်ရန် အကဲဖြတ်မှတ်တမ်းစာအုပ် ပြင်ဆင်ထားရပါမည်။

(၅) သင်ကြားသင်ယူမှု အထောက်အကူပစ္စည်း

ပန်းချီနှင့်လက်မှုအနုပညာ သင်ခန်းစာများ သင်ကြားရာတွင် အသုံးပြုရန်လိုအပ်သည့် သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ပါသည်။ သင်ကြားသင်ယူမှု အထောက်အကူပစ္စည်း တစ်မျိုးဖြစ်သည့် ရွှံ့စေးအသုံးပြုရမည့်သင်ခန်းစာ သင်ကြားနိုင်ရန် ပထမတန်း ဆရာလမ်းညွှန်စာအုပ်ပါ ရွှံ့ ကြိုတင်ပြင်ဆင်ခြင်းအဆင့်ဆင့်ကို ပြန်လည်ကိုးကား၍ ပြင်ဆင်နိုင်ပါသည်။

(၆) သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

သင်ကြားသင်ယူမှုလုပ်ငန်းစဉ်တွင် အပိုင်း(၃)ပိုင်းရှိပါသည်။ နိဒါန်း၊ သင်ခန်းစာဖြစ်စဉ် နှင့် နိဂုံး တို့ဖြစ်ပါသည်။ ဆရာနှင့်ကလေးများ၏ နှစ်ဦးနှစ်ဖက် သင်ကြားသင်ယူမှုပုံစံဖြင့် တင်ပြထားခြင်း ဖြစ်ပါသည်။ ထိုအပိုင်း(၃)ပိုင်းစလုံးတွင် ကလေးများကိုယ်တိုင် ပါဝင်ဆောင်ရွက်ခြင်း၊ ခံစားသိရှိခြင်း၊ တီထွင်ဖန်တီးပြီး ထုတ်ဖော်တင်ပြခြင်းများကို အထောက်အကူပြုနိုင်သည့် လုပ်ငန်းများပေးခြင်း၊ မေးခွန်းမေးခြင်းများ ပြုလုပ်နိုင်မည့်  ညွှန်ကြားချက်များပေးထားပါသည်။ ပန်းချီ၊ လက်မှုအနုပညာနှင့် ရသခံစားတန်ဖိုးထားမှု နယ်ပယ်(၃)ရပ်ပါ သင်ခန်းစာများကို သင်ကြားရာတွင် အသုံးပြုနိုင်သည့် သင်ကြားသင်ယူမှုလုပ်ငန်းစဉ်များကို နမူနာအဖြစ်တင်ပြထားပါသည်။ ဆရာ၏လုပ်ဆောင်မှုကို ■သင်္ကေတဖြင့်လည်းကောင်း၊ ကလေး၏လုပ်ဆောင်မှုကို ●သင်္ကေတဖြင့်လည်းကောင်း  အမှတ်အသားပြုဖော်ပြထားပါသည်။

(၇) သတိပြုရမည့်အချက်များ

ဤအပိုင်းကဏ္ဍတွင် သင်ခန်းစာသင်ကြားနေစဉ် လိုက်နာရမည့်အချက်များနှင့် သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနည်းများကို ဖော်ပြထားပါသည်။ ကျောင်းသုံးစာအုပ်မိတ္တူပါ နံပါတ်တပ်ထားသော ဓာတ်ပုံများ၊ ပန်းချီများနှင့်ပတ်သက်သည့် လုပ်ငန်းများဆောင်ရွက်ရာ၌ သတိပြုလိုက်နာရမည့်အချက်များကို အသေးစိတ် ရှင်းလင်းဖော်ပြထားပါသည်။

DBE Box-Copyright Protected

## ၂။ သင်ကြားချိန်ခွဲဝေမှုဇယား

ဒုတိယတန်း အနုပညာ(ပန်းချီ)ဘာသာရပ် စာသင်ချိန်ခွဲဝေမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| လ | နယ်ပယ် | အခန်း | သင်ခန်းစာ | သင်ချိန် |
|---|---|---|---|---|
| ဇွန် | ပန်းချီ | အခန်း(၁) အခြေခံပုံသဏ္ဌာန်များရေးဆွဲခြင်း | ၁-၁ သုံးထောင့် လေးထောင့် အဝိုင်းတို့ကို ရေးဆွဲ၍ ဆေးရောင်ခြယ်ခြင်း | ၁ |
| | | | ၁-၂ သုံးထောင့် လေးထောင့် အဝိုင်းပေါင်းစပ်ထားသည့် ရုပ်ပုံများကို ရေးဆွဲပြီး ဆေးရောင်ခြယ်ခြင်း | ၁ |
| | | | ၁-၃ ပတ်ဝန်းကျင်ရှိပစ္စည်းများကို ရေးဆွဲ၍ ဆေးရောင်ခြယ်ခြင်း | ၁ |
| | | | ၁-၄ အရွယ်အစားအမျိုးမျိုးကို နှိုင်းယှဉ်ရေးဆွဲခြင်း | ၁ |
| ဇူလိုင် | လက်မှု | အခန်း(၃) စက္ကူဖြင့် လက်မှုပစ္စည်းများတီထွင်ဖန်တီးခြင်း | ၃-၆ စက္ကူမျက်နှာဖုံးများပြုလုပ်ခြင်း | ၁ |
| | ပန်းချီ | အခန်း(၂) ပုံသဏ္ဌာန်များကို ပြန်လည်ဖော်ထုတ်ရေးဆွဲခြင်း | ၂-၂ မြင်တွေ့ဖူးသော အကြောင်းအရာများကို ပြန်လည်စဉ်းစားရေးဆွဲခြင်း | ၁ |
| | | | ၂-၄ ရောင်စုံဆေးစက်များကို လေမှုတ်ပုံဖော်ခြင်း | ၁ |
| ဩဂုတ် | ပန်းချီ | အခန်း(၂) ပုံသဏ္ဌာန်များကို ပြန်လည်ဖော်ထုတ်ရေးဆွဲခြင်း | ၂-၅ ရောင်စုံဆေးစက်များချကာ ပုံတူကူးယူခြင်း | ၁ |
| | လက်မှု | အခန်း(၃) စက္ကူဖြင့် လက်မှုပစ္စည်းများတီထွင်ဖန်တီးခြင်း | ၃-၄ စက္ကူအိတ်များပြုလုပ်ခြင်း | ၁ |
| စက်တင်ဘာ | ပန်းချီ | အခန်း(၂) ပုံသဏ္ဌာန်များကို ပြန်လည်ဖော်ထုတ်ရေးဆွဲခြင်း | ၂-၆ လက်ဖြင့် ဖောက်ထွင်းပြီး ဆေးရောင်စုံဖြင့် ပုံနှိပ်ကူးယူခြင်း | ၁ |
| | လက်မှု | အခန်း(၃) စက္ကူဖြင့် လက်မှုပစ္စည်းများတီထွင်ဖန်တီးခြင်း | ၃-၁ စက္ကူကို ညှပ်၍ သက်ရှိသက်မဲ့ရုပ်ပုံများ ဖန်တီးခြင်း | ၂ |
| | | အခန်း(၃) စက္ကူဖြင့် လက်မှုပစ္စည်းများတီထွင်ဖန်တီးခြင်း | ၃-၂ စက္ကူကို ခေါက်ချိုးညီပုံများရေးဆွဲ၍ ညှပ်စေခြင်း | ၁ |

DBE Box-Copyright Protected

| လ | နယ်ပယ် | အခန်း | သင်ခန်းစာ | သင်ချိန် |
| --- | --- | --- | --- | --- |
| အောက်တိုဘာ | ရသ | အခန်း(၅)<br>မြန်မာ့ရိုးရာအနုပညာကို သိရှိနားလည်ခြင်း | ၅-၁<br>မြန်မာ့ပန်းပွတ်ပညာကို လေ့လာခြင်း | ၁ |
| | ပန်းချီ | အခန်း(၂)<br>ပုံသဏ္ဌာန်များကို ပြန်လည်ဖော်ထုတ်ရေးဆွဲခြင်း | ၂-၃<br>မိမိဒေသမှရရှိသော သဘာဝအရောင်များကို အသုံးပြု၍ ရုပ်ပုံများရေးဆွဲခြင်း | ၁ |
| | လက်မှု | အခန်း(၃)<br>စက္ကူဖြင့် လက်မှုပစ္စည်းများတီထွင်ဖန်တီးခြင်း | ၃-၅<br>စက္ကူကို ပန်းနှင့်ပန်းအိုးပြုလုပ်ခြင်း | ၂ |
| နိုဝင်ဘာ | ပန်းချီ | အခန်း(၂)<br>ပုံသဏ္ဌာန်များကို ပြန်လည်ဖော်ထုတ်ရေးဆွဲခြင်း | ၂-၁<br>သဘာဝပုံသဏ္ဌာန်များကို ကူးယူရေးဆွဲပြီး ဆေးရောင်ခြယ်ခြင်း | ၁ |
| | လက်မှု | အခန်း(၃)<br>စက္ကူဖြင့် လက်မှုပစ္စည်းများတီထွင်ဖန်တီးခြင်း | ၃-၇<br>စက္ကူလေရဟတ်ပြုလုပ်ခြင်း | ၁ |
| | ရသ | အခန်း(၅)<br>မြန်မာ့ရိုးရာအနုပညာကို သိရှိနားလည်ခြင်း | ၅-၂-၁<br>ပန်းချီဆရာကြီးဦးဘညာဏ် | ၁ |
| ဒီဇင်ဘာ | လက်မှု | အခန်း(၄)<br>မိမိပတ်ဝန်းကျင်ရှိပစ္စည်းများကို အသုံးပြု၍ လက်မှုပစ္စည်းများဖန်တီးခြင်း | ၄-၂<br>ရွှံ့ဖြင့်ရုပ်ပုံဒီဇိုင်းပြုလုပ်ခြင်း | ၁ |
| | | | ၄-၃<br>သစ်ရွက်များဖြင့် အဆင်တန်ဆာအမျိုးမျိုးပြုလုပ်ခြင်း | ၁ |
| | | အခန်း(၃)<br>စက္ကူဖြင့် လက်မှုပစ္စည်းများတီထွင်ဖန်တီးခြင်း | ၃-၃<br>စက္ကူကို ခေါက်ချိုး၍ကစားစရာပြုလုပ်ခြင်း | ၁ |
| ဇန်နဝါရီ | လက်မှု | အခန်း(၄)<br>မိမိပတ်ဝန်းကျင်ရှိပစ္စည်းများကို အသုံးပြု၍ လက်မှုပစ္စည်းများဖန်တီးခြင်း | ၄-၁<br>ပလတ်စတစ်ကြိုးများဖြင့် အလှဆင်ခြင်း | ၂ |
| | ရသ | အခန်း(၅)<br>မြန်မာ့ရိုးရာအနုပညာကို သိရှိနားလည်ခြင်း | ၅-၂-၂<br>ပန်းချီဆရာကြီး ဦးဘကြည် | ၁ |
| | | | စာသင်ချိန်စုစုပေါင်း | ၂၆ |
| မှတ်ချက် - စာသင်ချိန် ၂၆ ချိန်၊ အရန်စာသင်ချိန် ၁၀ ချိန်၊ စုစုပေါင်း ၃၆ ချိန် | | | | |

DBE Box-Copyright Protected

## ၃။ ထိရောက်သော သင်ကြားမှု

ဒုတိယတန်း အနုပညာ(ပန်းချီ)ဘာသာရပ်ကို သင်ကြားမှုနယ်ပယ် (၃)ရပ်ဖြင့် ဖွဲ့စည်းထားပါသည်။ ၎င်းတို့မှာ ပန်းချီအနုပညာ၊ လက်မှုအနုပညာနှင့် ရသခံစားတန်ဖိုးထားမှုတို့ဖြစ်ပါသည်။ ပန်းချီအခန်းကဏ္ဍတွင် အခြေခံပုံသဏ္ဌာန်သိရှိရန်၊ ဆေးရောင်ခြယ်တတ်ရန်၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်၍ ပုံသဏ္ဌာန်များကို လေ့လာကြည့်ရှုတတ်ရန် သင်ကြားပေးရမည်။

လက်မှုအပိုင်းတွင် လက်များကိုထိန်းချုပ်နိုင်ရန်၊ လက်ချောင်းကလေးများသန်စွမ်းနိုင်ရန်၊ တီထွင်ဖန်တီးနိုင်ရန် သင်ကြားပေးရမည်။ ကလေးများအား ကိုယ်တိုင်လက်တွေ့ပြုလုပ်စေပါမည်။

ရသခံစားတန်ဖိုးထားမှုအပိုင်းတွင် မြန်မာ့ရိုးရာအနုပညာလုပ်ငန်းများကို သိရှိနားလည်ပြီး တန်ဖိုးထားတတ်ရန်၊ ပန်းချီအနုပညာရှင်များ၏ အကြောင်းနှင့် ကလေးများ၏ခံစားမှု၊ တွေးခေါ်တတ်မှုတို့ကို ပြုစုပျိုးထောင်ပေးထားပါသည်။

ထိုနယ်ပယ်များ သင်ကြားရာတွင် ထိရောက်မှုရှိစေရန်၊ အနုပညာ(ပန်းချီ)ဘာသာရပ် သင်ကြားရခြင်း၏ ရည်ရွယ်ချက်များနှင့် ထိုရည်ရွယ်ချက်များပေါက်မြောက်ရန် သင်ကြားရမည့်အကြောင်းအရာများကို အောက်တွင်ဖော်ပြထားပါသည်။

အနုပညာ(ပန်းချီ)ဘာသာရပ်ကို သင်ကြားရာတွင် ထိရောက်မှုရှိစေရန် ဆရာလမ်းညွှန်ပါ သင်ကြားရမည့်အကြောင်းအရာများကို ကျေညက်အောင် ကြိုတင်လေ့လာထားရပါမည်။ နိဒါန်းပိုင်းတွင် မိမိသင်ကြားရမည့်သင်ခန်းစာနှင့် ကလေးများသိရှိပြီး အကြောင်းအရာများကိုဆက်စပ်၍ မေးခွန်းများကို မေးမြန်းပြီး သင်ခန်းစာကို စတင်ရပါမည်။ လုပ်ငန်းစဉ်အလိုက် အဆင့်ဆင့်ပြုလုပ်ရမည့် သင်ခန်းစာဖြစ်ပါက ပြုလုပ်ပုံအဆင့်ဆင့်ကို ကလေးများနားလည်သည်အထိ တစ်ဆင့်ချင်း အစီအစဉ်တကျ အချိန်အနည်းငယ်ယူ၍ သင်ကြားပြသပေးရမည်။ နမူနာပြုလုပ်ပြသသည့် ပစ္စည်းကို ကလေးများအားလုံးမြင်နိုင်သည့် အရွယ်အစားဖြင့် ပြုလုပ်ပြရမည်။ သို့မှသာ ကလေးများရှင်းလင်းစွာမြင်နိုင်ပြီး နားလည်သဘောပေါက်မည်ဖြစ်သည်။ ဆရာကလှည့်လည်ကြည့်ရှုရာတွင် မပြုလုပ်နိုင်သော ကလေးများအား ထပ်မံရှင်းပြပြီး ပြုလုပ်စေပါမည်။ သင်ကြားသင်ယူမှုပြုလုပ်နေစဉ် ဆရာက ချီးကျူးခြင်း၊ ကြည့်ရှုအားပေးခြင်းများ ပြုလုပ်ပေးရမည်။ ထိုကဲ့သို့သောဆောင်ရွက်ပေးခြင်းဖြင့် ပန်းချီနှင့် လက်မှုလုပ်ငန်းများတွင် ကလေးများကျွမ်းကျင်တတ်မြောက်မှုရှိလာပြီး ၎င်းတို့ပြုလုပ်ထားသော အကြောင်းအရာနှင့် ဆက်စပ်စဉ်းစားတွေးခေါ်မှုများကို ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ စစ်ဆေးအကဲဖြတ်ခြင်း၌ အဆင့် (C) တွင်ရောက်ရှိနေသော ကလေးများကို လက်တွဲခေါ်ဆောင်ပြီး ကျွမ်းကျင်တတ်မြောက်မှု ရရှိလာစေရန်ပံ့ပိုးကူညီပေးရမည်။ ကလေးများ ပျော်ရွှင်စွာ သင်ယူနိုင်မှသာလျှင် စဉ်းစားတွေးခေါ်နိုင်မှု စွမ်းရည်များတိုးတက်လာမည် ဖြစ်သည်။ စဉ်းစားတွေးခေါ်နိုင်မှု စွမ်းရည်များ မြင့်မားစေရန် စဉ်းစားတွေးခေါ်နိုင်သော လုပ်ငန်းများ ဖန်တီးပေးရမည်။ သင်ခန်းစာတွင် အသုံးပြုရမည့် ပစ္စည်းများ၏ အသုံးပြုပုံနှင့် သတိပြုရန် အချက်များကို ကလေးများအား သေချာစွာ ရှင်းပြခြင်းဖြင့် ထိရောက်အောင်မြင်သော သင်ကြားမှုကို ဖြစ်စေပါမည်။

ရေဆေးအသုံးပြုရန်အတွက် ရေဆေးပြင်ဆင်မှုကို ကြိုတင်ပြင်ဆင်ကြရမည်ဖြစ်ရာ အုပ်စုတစ်စုလျှင် အနည်းဆုံးအရောင်သုံးရောင်ခန့် အသုံးပြုနိုင်အောင် ပြင်ဆင်ထားရမည်။သင်ကြားသင်ယူမှု လုပ်ငန်းများအောင်မြင်စေရန် လိုအပ်သော သင်ထောက်ကူပစ္စည်းများအား ကြိုတင်ပြင်ဆင်ခြင်း၊ သတင်းစာစက္ကူများ ကြိုတင်စုဆောင်ခြင်း၊ ဆေးခွက်များကို အုပ်စုလိုက်အသုံးပြုရန် ပြင်ဆင်ခြင်း၊ ကတ်ကြေးကို အန္တရာယ်မဖြစ်စေရန် သတိပြုရမည့်အချက်များကို သတိပေးခြင်း၊ အသုံးပြုပြီးပစ္စည်းများအား စနစ်တကျပြန်လည်သိမ်းဆည်းခြင်းတို့ကို ဆရာများအနေဖြင့် မဖြစ်မနေပြုလုပ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

DBE Box-Copyright Protected

## ၄။ စစ်ဆေးအကဲဖြတ်ခြင်း

ရည်ရွယ်ချက်ကို အခြေခံ၍ စစ်ဆေးအကဲဖြတ်မှုကို လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။ စစ်ဆေးအကဲဖြတ်ရာတွင် ကျွမ်းကျင်မှုပိုင်းနှင့် စိတ်ကူးအတွေးအမြင်ပိုင်းဟူ၍ တွေ့ရှိရပါမည်။ ရုပ်ပုံများကို ရေးဆွဲသောအခါ မျဉ်းကြောင်းများကို ပြေပြစ်ချောမွေ့စွာ ရေးဆွဲနိုင်မှု၊ ဆေးရောင်ခြယ်ရာတွင် သန့်ရှင်းသပ်ရပ်စွာ ဆေးခြယ်နိုင်မှုတို့သည် ကျွမ်းကျင်မှုဆိုင်ရာ အကဲဖြတ်ခြင်းတို့ဖြစ်ပါသည်။ ရေးဆွဲထားသောပုံများ၊ ပြုလုပ်ထားသော လက်မှုပစ္စည်းများနှင့်ပတ်သက်၍ မေးမြန်းခြင်း၊ ရှင်းပြခြင်း၊ ပြန်လည်တင်ပြခြင်းတို့သည် စိတ်ကူးအတွေးအမြင်ဆိုင်ရာ စစ်ဆေးအကဲဖြတ်ခြင်းများဖြစ်ပါသည်။

ဆရာများအနေဖြင့် ကလေးတစ်ဦးချင်းစီ၏ ရှင်းလင်းချက်များကို စစ်ဆေးရန်အချိန်မရပါက ၄င်းတို့၏ရှင်းလင်းချက်များကို စာဖြင့် ရေးသားဖော်ပြစေခြင်းဖြင့် ထိရောက်သောအကဲဖြတ်မှုကို ရရှိနိုင်ပါသည်။

အောက်ပါဥပမာသည် စစ်ဆေးအကဲဖြတ်စဉ် အသုံးပြုသည့် Rubric နမူနာဖြစ်ပါသည်။ သို့သော်ကလေးများစာရေးရန် အခက်အခဲရှိပါက ကလေးများ၏ရှင်းလင်းချက်များကို ဆရာများက နားထောင်၍ မှတ်တမ်းစာအုပ်တွင် အမှတ်ပေးနိုင်ရန်ဆောင်ရွက်နိုင်ပါသည်။

### အခန်း(၂) သင်ခန်းစာ(၂) စစ်ဆေးအကဲဖြတ်မှုပုံစံ

| စစ်ဆေးအကဲဖြတ်ခြင်း | |
|---|---|
| ၁။ | မိမိပတ်ဝန်းကျင်တွင် တွေ့မြင်ရသောအကြောင်းအရာကို ရေးဆွဲခြင်း။ |
| A | မိမိပတ်ဝန်းကျင်ရှိ တွေ့မြင်ရသော အကြောင်းအရာကို သန့်ရှင်းသပ်ရပ်စွာ ရေးဆွဲနိုင်ခြင်း။ |
| B | မိမိပတ်ဝန်းကျင်ရှိ တွေ့မြင်ရသော အကြောင်းအရာကို ရေးဆွဲနိုင်ခြင်း။ |
| C | မိမိပတ်ဝန်းကျင်ရှိ တွေ့မြင်ရသော အကြောင်းအရာကို မရေး ဆွဲနိုင်ခြင်း။ |

| စစ်ဆေးအကဲဖြတ်ခြင်း | |
|---|---|
| ၂။ | စိတ်ကူးထားသောအကြောင်းအရာကို ဖြည့်စွက်ရေးဆွဲနိုင်ပြီး ရှင်းပြခြင်း။ |
| A | စိတ်ကူးထားသော အကြောင်းအရာကို ဖြည့်စွက်ရေးဆွဲနိုင်ပြီး သေချာစွာရှင်းပြနိုင်ခြင်း။ |
| B | စိတ်ကူးထားသော အကြောင်းအရာကို ဖြည့်စွက်ရေးဆွဲနိုင်ပြီး ရှင်းပြနိုင်ခြင်း။ |
| C | ဖြည့်စွက်ရေးဆွဲထားသည့်ပုံကို မရှင်းပြနိုင်ခြင်း။ |

DBE Box-Copyright Protected

# ၁-၁ သုံးထောင့် လေးထောင့် အဝိုင်းတို့ကို ရေးဆွဲ၍ ဆေးရောင်ခြယ်ခြင်း

**စာသင်ချိန် (၁)ချိန်**

### သင်ယူမှုဦးတည်ချက်

သုံးထောင့်၊ လေးထောင့်နှင့် အဝိုင်းပုံများကို သေချာစွာ သိရှိနားလည်၍ ရေးဆွဲနိုင်ပြီး ဆေးရောင်ခြယ်တတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

A4 စက္ကူတစ်ဝက်(ကလေးတစ်ဦးလျှင်တစ်ရွက်နှုန်း)၊ ရောင်စုံခဲတံ သို့မဟုတ် ဖယောင်းရောင်စုံ။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

### နိဒါန်း (၅ မိနစ်)

- ■ သုံးထောင့်၊ လေးထောင့်နှင့်အဝိုင်းပုံတို့ကို တစ်မျိုးလျှင်တစ်ပုံရေးပြပြီး ထိုပုံများ၏အမည်ကိုမေးမည်။ ဂဏန်းသင်္ချာအသုံးအနှုန်းမဟုတ်ဘဲ ကလေးများနားလည်လွယ်သော စကားလုံးကို သုံးစေမည်။
- ● ပုံ၏အမည်ကို ဖြေမည်။ ဥပမာ- သုံးထောင့်၊ အဝိုင်း

### သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)

- ■ အစက်များချပြီး အခြေခံပုံသဏ္ဍာန်များဖြစ်သည့် သုံးထောင့်၊ လေးထောင့်နှင့်အဝိုင်းပုံတို့ကို ထပ်မံရေးဆွဲမည်။ အစက်များကိုဆက်ခြင်းဖြင့် ပုံသဏ္ဍာန်များဖြစ်ပေါ်လာသည်ဟူသော သဘောတရားကို ရှင်းပြပါ။ ကလေးများသိရှိရန်သာဖြစ်ပြီး အစက်ချရေးရန်မလိုအပ်ကြောင်းပြောမည်။
- ■ အခြေခံပုံသဏ္ဍာန်အသီးသီးကို လေထဲတွင် လက်ညှိုးဖြင့် ရေးဆွဲသရုပ်ပြမည်။
- ● ဆရာနှင့်အတူ လေထဲတွင် သရုပ်ပြရေးဆွဲလေ့ကျင့်မည်။


**အခန်း(၁)** အခြေခံပုံသဏ္ဍာန်များရေးဆွဲခြင်း

**သင်ခန်းစာ(၁) သုံးထောင့် လေးထောင့် အဝိုင်းတို့ကို ရေးဆွဲ၍ ဆေးရောင်ခြယ်ခြင်း**















သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ



A4 စက္ကူ



ဖယောင်းရောင်စုံ

၁

### သတိပြုရမည့်အချက်များ

① ဆေးရောင်ခြယ်ရာတွင် ရုပ်ပုံအတွင်း၌နေရာလပ်မကျန်စေရန် သတိပေးမည်။


### စစ်ဆေးအကဲဖြတ်ခြင်း

၁။ သုံးထောင့်၊ လေးထောင့်နှင့် အဝိုင်းပုံရေးဆွဲခြင်း။

| | |
|---|---|
| A | သုံးထောင့်၊ လေးထောင့်နှင့် အဝိုင်းပုံများကို တိတိကျကျ ရေးဆွဲနိုင်ခြင်း။ |
| B | သုံးထောင့်၊ လေးထောင့်နှင့် အဝိုင်းပုံများကို ရေးဆွဲနိုင်ခြင်း။ |
| C | သုံးထောင့်၊ လေးထောင့်နှင့် အဝိုင်းပုံများကို မရေးဆွဲနိုင်ခြင်း။ |

DBE Box-Copyright Protected

နမူနာပုံများ




သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ



A4 စက္ကူ



ဖယောင်းရောင်စုံ

၁

## သတိပြုရမည့်အချက်များ

- ၂ သုံးထောင့်၊ လေးထောင့်နှင့် အဝိုင်းစသော အခြေခံပုံများ ပေါင်းစပ်ထားသည့် ရုပ်ပုံများကို ဤသင်ခန်းစာတွင် ရေးရန် မလိုပါ။
- ၃ အလွန်ကြီးသော အလွန်သေးသော ပုံများမရေးဆွဲရန် သတိပေးပါ။
- ၄ အရောင်ခြယ်ရာတွင် ပုံအလိုက် တစ်ရောင်တည်း သို့မဟုတ် အရောင်စုံလွတ်လပ်စွာ ရေးခြယ်နိုင်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ သုံးထောင့်၊ လေးထောင့်နှင့် အဝိုင်းပုံများကို အရောင်ခြယ်ခြင်း။

| | |
|---|---|
| A | ပုံ၏အပြင်သို့ မထွက်စေဘဲ သန့်ရှင်းသပ်ရပ်စွာ အရောင်ခြယ်နိုင်ခြင်း။ |
| B | အရောင်ခြယ်နိုင်ခြင်း။ |
| C | အရောင်မခြယ်နိုင်ခြင်း။ |

# သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

## သင်ခန်းစာဖြစ်စဉ်

- ■ A4 စက္ကူတစ်ဝက်စီနှင့် ရောင်စုံခဲတံ သို့မဟုတ် ဖယောင်းရောင်စုံကို ဝေမည်။
- ■ သုံးထောင့်၊ လေးထောင့်နှင့် အဝိုင်းပုံများကို နှစ်သက်သလို ရေးဆွဲစေမည်။
- ■ အရွယ်အစားကို သတိပြုရေးဆွဲစေမည်။
- ■ ပေတံမသုံးရန် ညွှန်ကြားမည်။
- ● A4 စက္ကူတစ်ဝက်တွင် သုံးထောင့်၊ လေးထောင့်နှင့် အဝိုင်းပုံများကို ရေးဆွဲမည်။
- ■ ရေးဆွဲထားသော ရုပ်ပုံတွင် ရောင်စုံခဲတံ သို့မဟုတ် ဖယောင်းရောင်စုံဖြင့် နှစ်သက်သောအရောင်များကို သန့်ရှင်းသပ်ရပ်စွာ ဆေးရောင်ခြယ်စေမည်။
- ■ ဆေးရောင်ခြယ်ရာတွင် ပုံ၏ အပြင်သို့မထွက်စေဘဲ ညီညာစွာ အပြည့်ခြယ်ရမည်ဖြစ်ကြောင်း ပြောပြမည်။
- ■ ဆရာကစာသင်ခန်းတွင်း လှည့်လည်ကြည့်ရှု၍ အခက်အခဲရှိသော ကလေးများအား ကူညီပံ့ပိုးပေးပြီး သန့်ရှင်းသပ်ရပ်စွာ ရေးဆွဲထားသော လက်ရာအချို့ကို ကြည့်ရှုမှတ်သားထားရမည်။
- ● ပုံများကို ကြိုက်နှစ်သက်သော အရောင်ဖြင့် ဆေးရောင်အပြည့်ခြယ်မည်။

## နိဂုံး (၅ မိနစ်)

- ■ အားလုံးရေးဆွဲပြီးပါက အတူထိုင်နေသော ကလေးအချင်းချင်း မည်သည့်ပုံကို ဆွဲထား၍ မည်သည့်အရောင်ခြယ်ထားသည်တို့ကို အပြန်အလှန်ပြောစေမည်။ ကောင်းသောအချက်များကိုကလေးအချင်းချင်း ချီးကျူးစေမည်။
- ● ပုံနှင့်အရောင်များကို သန့်ရှင်းသပ်ရပ်စွာ ရေးခြယ်ထားခြင်းရှိမရှိ အပြန်အလှန်ပြောကြမည်။
- ■ ပုံကိုသန့်ရှင်းသပ်ရပ်စွာ ရေးဆွဲထားသော ကလေးအချို့ကို အတန်းရှေ့သို့ ထွက်စေ၍ မိမိ၏ပုံအကြောင်းကို ပြောစေမည်။ ဆန္ဒရှိသည့် ကလေးအချို့ကို မိမိရေးဆွဲထားသော ရုပ်ပုံအကြောင်း ရှင်းပြစေမည်။

DBEBox-Copyright Protected

# ၁-၂ သုံးထောင့် လေးထောင့် အဝိုင်း ပေါင်းစပ်ထားသည့် ရုပ်ပုံများကိုရေးဆွဲပြီး ဆေးရောင်ခြယ်ခြင်း စာသင်ချိန် (၁)ချိန်

**သင်ယူမှုဦးတည်ချက်**

သုံးထောင့်၊ လေးထောင့်နှင့် အဝိုင်းပေါင်းစပ်ထားသည့် ရုပ်ပုံများကို နားလည်ပြီး ရေးဆွဲဆေးရောင်ခြယ်တတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

A4 စက္ကူတစ်ဝက်(ကလေးတစ်ဦးလျှင်တစ်ရွက်နှုန်း)၊ ရောင်စုံခဲတံ သို့မဟုတ် ဖယောင်းရောင်စုံ။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

### နိဒါန်း (၅ မိနစ်)

- ■ အခြေခံပုံသဏ္ဌာန်များကို ရေးဆွဲပြပြီး အမည်များကိုအမေးအဖြေ ပြုလုပ်မည်။
- ■ မိမိပတ်ဝန်းကျင်ရှိ အရာဝတ္ထုများသည် အခြေခံပုံသဏ္ဌာန်များဖြင့် ပေါင်းစပ်ဖွဲ့စည်းထားကြောင်း ရှင်းပြမည်။
  ဥပမာ- အိမ်ပုံက လေးထောင့်ပုံပေါ်မှာ သုံးထောင့်ပုံအမိုးနဲ့ ပေါင်းစပ်ဖွဲ့စည်းထားတယ်။
- ■ အခြေခံပုံများ ပေါင်းစပ်ဖွဲ့စည်းထားသော အရာများကို မေးမည်။
- ● ပတ်ဝန်းကျင်ရှိ အရာဝတ္ထုများကို စဉ်းစား၍ဖြေမည်။
  ဥပမာ- အိမ်၊ သစ်ပင်၊ ကား စသည်ဖြင့်

### သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)

- ■ A4 စက္ကူတစ်ဝက်စီနှင့် ရောင်စုံခဲတံ သို့မဟုတ် ဖယောင်းရောင်စုံတို့ကို ဝေမည်။
- ■ ကျောင်းသုံးစာအုပ်ပါ နမူနာပုံများဖြစ်သည့် သစ်ပင်နှင့်အိမ်တို့ကို သင်ပုန်းပေါ်တွင် ရေးဆွဲပြပြီး မည်သည့်အခြေခံပုံသဏ္ဌာန်များဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည်ကို ရှင်းပြမည်။
  အခြေခံပုံသဏ္ဌာန်များပေါင်းစပ်၍ ဖြစ်ပေါ်လာသောရုပ်ပုံများကို ရေးဆွဲပြီး အရောင်ခြယ်ကြမည်ဟု ပြောမည်။
- ■ အခြေခံပုံသဏ္ဌာန်များ ပေါင်းစပ်ထားသည့်ပုံကို ရေးဆွဲစေမည်။
- ■ အခက်အခဲရှိသော ကလေးများကို ကူညီပံ့ပိုးပေးမည်။
- ● အခြေခံပုံသဏ္ဌာန်များ ပေါင်းစပ်ထားသည့် ပုံများကို ရေးဆွဲမည်။

**အခန်း(၁)** အခြေခံပုံသဏ္ဌာန်များရေးဆွဲခြင်း

**သင်ခန်းစာ(၂) သုံးထောင့် လေးထောင့် အဝိုင်း ပေါင်းစပ်ထားသည့် ရုပ်ပုံများကိုရေးဆွဲပြီး ဆေးရောင်ခြယ်ခြင်း**

အခြေခံပုံစံတွေပေါင်းလိုက်ရင် ဒီလိုပုံတွေရလာတယ်။



၂

### သတိပြုရမည့်အချက်များ

- ၁ ရုပ်ပုံများကို ရှင်းလင်းပြတ်သားစွာ ရေးဆွဲစေပါမည်။
- ၁ နမူနာများအပြင် အခြေခံပုံသဏ္ဌာန်များပေါင်းစပ်ထားသည့် အခြားရုပ်ပုံများကို ရေးဆွဲနိုင်ပါသည်။
- ၁ အခြေခံပုံသဏ္ဌာန်များဖြင့် ပေါင်းစပ်ထားခြင်းမရှိသည့်ပုံများ မရေးဆွဲရန် ရှင်းပြပါ။

### စစ်ဆေးအကဲဖြတ်ခြင်း


၁။ အခြေခံပုံသဏ္ဌာန်များကို ပေါင်းစပ်၍ ပတ်ဝန်းကျင်ရှိအရာများကို ရေးဆွဲခြင်း။

| | |
|---|---|
| A | ပေါ်လွင်စွာ ပေါင်းစပ်ရေးဆွဲနိုင်ခြင်း။ |
| B | ပေါင်းစပ်ရေးဆွဲနိုင်ခြင်း။ |
| C | ပေါင်းစပ်၍ မရေးဆွဲနိုင်ခြင်း။ |

DBE Box-Copyright Protected

ရေးထားတဲ့ပုံနဲ့လိုက်ဖက်တဲ့ အရောင်ခြယ်ရအောင်။

၂









သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ



A4 စက္ကူ



ဖယောင်းရောင်စုံ

၃

## သတိပြုရမည့်အချက်များ

၂ ဆေးခြယ်ရာတွင် အနားသတ်မျဉ်း၏ အပြင်မထွက်စေဘဲ သတိပြု၍ ဆေးခြယ်ရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ ဆေးရောင်ခြယ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းပြခြင်း။

| | |
|---|---|
| A | ဆေးရောင်ခြယ်ရခြင်း၏ ရည်ရွယ်ချက်ကို ကောင်းမွန်စွာ ရှင်းပြနိုင်ခြင်း။ |
| B | ဆေးရောင်ခြယ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းပြနိုင်ခြင်း။ |
| C | မရှင်းပြနိုင်ခြင်း။ |

# သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

## သင်ခန်းစာဖြစ်စဉ်

■ ရေးဆွဲပြီးသောပုံများကို ဆေးရောင်ခြယ်စေမည်။

■ စာသင်ခန်းအတွင်း လှည့်လည်ကြည့်ရှု၍ အခက်အခဲရှိသော ကလေးများအား ကူညီပံ့ပိုးပေးပြီး လှပသေသပ်စွာ ဆွဲထားသော လက်ရာအချို့ကို ကြည့်ရှုမှတ်ထားရမည်။

■ ပုံဆွဲထားသည့် စက္ကူပေါ်တွင် ဆေးရောင်ခြယ်ရသည့် အကြောင်းရင်းကို ရေးစေမည်။

● အရောင်ခြယ်မည်။

## နိဂုံး (၅ မိနစ်)

■ အားလုံးရေးဆွဲပြီးပါက အတူထိုင်နေသော ကလေးအချင်းချင်း မည်သည့်ပုံကို ဆွဲထား၍ မည်သည့်အရောင်ခြယ်ထားသည်တို့ကို အပြန်အလှန်ပြောစေမည်။ ကောင်းသောအချက်များကို ကလေးအချင်းချင်း ချီးကျူးစေမည်။

■ ပုံကိုသန့်ရှင်းသပ်ရပ်စွာ ရေးဆွဲထားသော ကလေးအချို့ကို အတန်းရှေ့သို့ ထွက်စေ၍ မိမိ၏ပုံအကြောင်းကို ပြောစေမည်။ ဆန္ဒရှိသည့် ကလေးအချို့ကို မိမိရေးဆွဲထားသော ရုပ်ပုံအကြောင်း ရှင်းပြစေမည်။

DBE Box-Copyright Protected

# ၁–၃ ပတ်ဝန်းကျင်ရှိပစ္စည်းများကိုရေးဆွဲ၍ ဆေးရောင်ခြယ်ခြင်း

**စာသင်ချိန် (၁)ချိန်**

## သင်ယူမှုဦးတည်ချက်

အခြေခံပုံသဏ္ဍာန်တို့ကို နားလည်၍ ပတ်ဝန်းကျင်ရှိ အရာဝတ္ထုပစ္စည်းများကို ရေးဆွဲပြီး ဆေးရောင်ခြယ်တတ်ရန်။

## သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

A4 စက္ကူတစ်ဝက်(ကလေးတစ်ဦးလျှင်တစ်ရွက်နှုန်း)၊ ရောင်စုံခဲတံ သို့မဟုတ် ဖယောင်းရောင်စုံ။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

### နိဒါန်း (၅ မိနစ်)

■ ပတ်ဝန်းကျင်ရှိ အရာဝတ္ထုများ၏ အခြေခံပုံသဏ္ဍာန်များကို မေးမြန်းမည်။ ဥပမာ- အဝိုင်းပုံ၊ လေးထောင့်ပုံ၊ သုံးထောင့်ပုံရှိသောပစ္စည်းများကို ပြောပြမည်။

● အဝိုင်းပုံမှာဘောလုံး၊ နာရီ၊ လေးထောင့်ပုံမှာ ပြတင်းပေါက်၊ စာအုပ်၊ သုံးထောင့်ပုံမှာ ဖရဲသီးစိတ်၊ ရေစစ်။

■ နမူနာ (၃)ပုံခန့်ရေးဆွဲပြ၍ ရှင်းပြမည်။

### သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)

■ A4 စက္ကူတစ်ဝက်စီနှင့် ရောင်စုံခဲတံ သို့မဟုတ် ဖယောင်းရောင်စုံတို့ကို ဝေပေးမည်။

■ စာသင်ခန်းအတွင်းရှိ နမူနာပစ္စည်းများကို ပြသမည်။

■ သုံးထောင့်၊ လေးထောင့်နှင့် အဝိုင်းတို့ပါဝင်သောပစ္စည်းများကို ကလေးများအား (၅)မိနစ်ခန့်ကိုယ်တိုင်စဉ်းစားစေမည်။ စာသင်ခန်းပြင်ပရှိ အရာဝတ္ထုများကိုလည်း စဉ်းစားစေမည်။

● စဉ်းစားထားသောပုံကို ရေးဆွဲမည်။

■ ဆရာကစာသင်ခန်းတွင်း လှည့်လည်ကြည့်ရှု၍ အခက်အခဲရှိသော ကလေးများအား ကူညီပံ့ပိုးပေးပြီး လုပ်ဆောင်သပ်စွာဆွဲထားသော လက်ရာအချို့ကို ကြည့်ရှုမှတ်သားထားရမည်။

■ စဉ်းစားရေးဆွဲမှုမပြုနိုင်သောကလေးများအားအဝိုင်းပုံရှိသော အသီးကဘာပါလိမ့်စသည်ဖြင့် နိမိတ်ပြမေးခွန်းမေးမည်။



**အခန်း(၁)** အခြေခံပုံသဏ္ဍာန်များရေးဆွဲခြင်း

သင်ခန်းစာ(၃) ပတ်ဝန်းကျင်ရှိပစ္စည်းများကိုရေးဆွဲ၍ ဆေးရောင်ခြယ်ခြင်း



၄

## သတိပြုရမည့်အချက်များ


- ကျောင်းသုံးစာအုပ်ပါ နမူနာပုံများကို တိုက်ရိုက်ကူးယူရေးဆွဲခြင်းမပြုရန် သတိပေးရမည်။
- သုံးထောင့်၊ လေးထောင့်နှင့် အဝိုင်းပုံအားလုံးပါအောင် ရေးဆွဲစေမည်။
- ထိုအခြေခံပုံသဏ္ဍာန်များပါဝင်သော အရာဝတ္ထုများကို တစ်မျိုးထက်ပိုမိုစဉ်းစားရေးဆွဲစေမည်။
- ပေတံ၊ စက်ဝိုင်းကတ်များကို မသုံးရန် သတိပေးရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၁။ အခြေခံပုံသဏ္ဍာန်များဖြင့် ပတ်ဝန်းကျင်ရှိ ပစ္စည်းများကို ရေးဆွဲခြင်း။

| | |
|---|---|
| A | အခြေခံပုံသဏ္ဍာန်များဖြင့် ပတ်ဝန်းကျင်ရှိ ပစ္စည်းများကို ပေါ့လွင်စွာ ရေးဆွဲနိုင်ခြင်း။ |
| B | အခြေခံပုံသဏ္ဍာန်များဖြင့် ပတ်ဝန်းကျင်ရှိ ပစ္စည်းများကို ရေးဆွဲနိုင်ခြင်း။ |
| C | မရေးဆွဲနိုင်ခြင်း။ |

DBE Box-Copyright Protected




## သတိပြုရမည့်အချက်များ

၂ အရောင်များကို ပုံ၏အပြင်မထွက်စေဘဲ သန့်ရှင်းသပ်ရပ်စွာ ခြယ်ရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ ရေးဆွဲထားသော ရုပ်ပုံများတွင် နှစ်သက်ရာအရောင်ခြယ်၍ ရှင်းပြခြင်း။

| | |
|---|---|
| A | အရောင်ခြယ်ရသည့်အကြောင်းရင်းကို ပြည့်စုံစွာ ပြောနိုင်ခြင်း။ |
| B | အရောင်ခြယ်ရသည့်အကြောင်းရင်းကို ပြောနိုင်ခြင်း။ |
| C | အရောင်ခြယ်ရသည့်အကြောင်းရင်းကို မပြောနိုင်ခြင်း။ |

# သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

## သင်ခန်းစာဖြစ်စဉ်

- မိမိရေးဆွဲထားသောပုံများကို အရောင်ခြယ်စေမည်။
- ပုံဆွဲထားသည့်စက္ကူပေါ်တွင် အရောင်ခြယ်ရသည့်အကြောင်းရင်းကို ရေးစေမည်။

## နိဂုံး (၅ မိနစ်)

- အားလုံးရေးဆွဲပြီးပါက အတူထိုင်နေသော ကလေးအချင်းချင်း မည်သည့်ပုံကို ဆွဲထား၍ မည်သည့်အရောင်ခြယ်ထားသည်တို့ကို အပြန်အလှန်ပြောစေမည်။ ကောင်းသောအချက်များကို ကလေးအချင်းချင်း ချီးကျူးစေမည်။
- ပုံကိုသန့်ရှင်းသပ်ရပ်စွာ ရေးဆွဲထားသော ကလေးအချို့ကို အတန်းရှေ့သို့ ထွက်စေပြီး မိမိ၏ပုံအကြောင်းကို ပြောစေမည်။ ဆန္ဒရှိသည့် ကလေးအချို့ကို မိမိရေးဆွဲထားသောရုပ်ပုံအကြောင်း ရှင်းပြစေမည်။

● ဘေးချင်းကပ်ကလေးများသည် အပြန်အလှန်ရုပ်ပုံများကို ပြကာ မည်သည့်အခြေခံပုံသဏ္ဌာန်များ ပါဝင်သည်ကို ပြောဆိုမည်။

DBE Box-Copyright Protected

# ၁–၄ အရွယ်အစားအမျိုးမျိုးကို နှိုင်းယှဉ်ရေးဆွဲခြင်း
စာသင်ချိန် (၁)ချိန်

## သင်ယူမှုဦးတည်ချက်
အရွယ်အစားများကို ကြီးစဉ်ငယ်လိုက်နှိုင်းယှဉ်ပြီး ရေးဆွဲတတ်ရန်။

## သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ
A4 စက္ကူတစ်ဝက်(ကလေးတစ်ဦးလျှင် နှစ်ရွက်နှုန်း)၊ ရောင်စုံခဲတံ သို့မဟုတ် ဖယောင်းရောင်စုံ၊ သတင်းစာအဟောင်း သို့မဟုတ် ပြက္ခဒိန်အဟောင်း (စက္ကူဘောလုံးပြုလုပ်ရန်)။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်
**နိဒါန်း (၅ မိနစ်)**

- အရွယ်အစားမတူသော စက္ကူဘောလုံး(၃)လုံးကို အကြီး၊ အလတ်၊ အသေးခွဲခြားစေပါမည်။
- ထပ်မံ၍ ရေသန့်ဘူးခွံ (၃)ခုကိုပြကာ အကြီးအလတ်အသေး ခွဲခြားစေပါမည်။ ပတ်ဝန်းကျင်ရှိ အရွယ်အစားမတူသော ပစ္စည်းများကိုလည်း အသုံးပြုသင်ကြားနိုင်သည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- A4 စက္ကူတစ်ဝက်စီနှင့် ရောင်စုံခဲတံ သို့မဟုတ် ဖယောင်းရောင်စုံကို ဝေမည်။
- အရွယ်အစားအကြောင်းသိပြီးပါက အရွယ်အစားအမျိုးမျိုးကို လေ့ကျင့်ရေးဆွဲမည်ဖြစ်ကြောင်းပြောမည်။
- သုံးထောင့်၊ လေးထောင့်နှင့် အဝိုင်းတို့ မှ တစ်ခုကို ကြီးစဉ်ငယ်လိုက် နမူနာဆွဲပြမည်။
- A4 စက္ကူတစ်ဝက်ကိုသုံး၍ အခြေခံပုံသဏ္ဌာန်တို့ကို ကြီးစဉ်ငယ်လိုက် စုံလင်စွာ ရေးဆွဲမည်။
- ဆရာကစာသင်ခန်းတွင်း လှည့်လည်ကြည့်ရှု၍ အခက်အခဲရှိသော ကလေးများအားထပ်မံ၍ ရှင်းပြပါမည်။




## သတိပြုရမည့်အချက်များ
- ၁ သုံးထောင့်၊ လေးထောင့်နှင့် အဝိုင်းတို့ကိုအရွယ်အစားပြောင်းလဲ၍ရေးဆွဲစေမည်။
- ၁ ကြီးစဉ်ငယ်လိုက်အစဉ်အတိုင်းရေးစေမည်။
- ၁ ပေတံ၊ စက်ဝိုင်းကတ်များကို မသုံးရန်သတိပေးမည်။

## စစ်ဆေးအကဲဖြတ်ခြင်း
၁။ အခြေခံပုံသဏ္ဌာန်များကို အရွယ်အစားအမျိုးမျိုးဖြင့် ရေးဆွဲခြင်း။

| | |
|---|---|
| A | အရွယ်အစားအမျိုးမျိုးကို သန့်ရှင်းသပ်ရပ်စွာ ရေးဆွဲနိုင်ခြင်း။ |
| B | အရွယ်အစားအမျိုးမျိုးကို ရေးဆွဲနိုင်ခြင်း။ |
| C | မရေးဆွဲနိုင်ခြင်း။ |

DPE Box-Copyright Protected




သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ



A4 စက္ကူ



ဖယောင်းရောင်စုံ

၇

## သတိပြုရမည့်အချက်များ

၂ အကြီးအလတ်အသေးနှိုင်းယှဉ်ပြီးရေးဆွဲရန်နှင့် နောက်ခံပုံများကိုရေးဆွဲရန်မလိုကြောင်း သတိပေးရမည်။

၃ အမျိုးအစားတူ သို့မဟုတ် အမျိုးအစားမတူသော ပစ္စည်းများကို ရေးဆွဲနိုင်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ အကြီးအလတ်အသေး အရွယ်အစား ခွဲခြား၍ ရုပ်ပုံများရေးဆွဲခြင်း။

| | |
|---|---|
| A | အရွယ်အစားကို စဉ်းစားပြီး တိကျစွာခွဲခြားရေးဆွဲနိုင်ခြင်း။ |
| B | အရွယ်အစားကို ခွဲခြားရေးဆွဲနိုင်ခြင်း။ |
| C | အရွယ်အစားကို ခွဲခြားမရေးဆွဲနိုင်ခြင်း။ |

# သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

## သင်ခန်းစာဖြစ်စဉ်

■ အိမ်၊ ကျောင်း၊ ကား စသည့် အရွယ်အစားမတူသော အရာဝတ္ထု(၃)မျိုးကို ရေးဆွဲပြီးရှင်းပြမည်။

● ဆရာ၏နမူနာပုံကို လေ့လာကြည့်ရှုမည်။

■ ကျန်ရှိနေသော A4 တစ်ဝက်ကိုအသုံးပြု၍ပတ်ဝန်းကျင်ရှိသက်ရှိသက်မဲ့များမှ အရွယ်အစားမတူသော အရာဝတ္ထု(၃)ခုခန့်ကို ရေးဆွဲစေမည်။

● အရွယ်အစားမတူသည့် အရာဝတ္ထုများကို စဉ်းစား၍ရေးဆွဲမည်။

■ ဆရာကစာသင်ခန်းအတွင်း လှည့်လည်ကြည့်ရှု၍ အခက်အခဲရှိသော ကလေးများအားကူညီပံ့ပိုးပေးပြီး သန့်ရှင်းသပ်ရပ်စွာဆွဲထားသော လက်ရာအချို့ကို ကြည့်ရှုမှတ်သားထားရမည်။

● ဆေးရောင်ခြယ်ကြမည်။

## နိဂုံး (၅ မိနစ်)

■ အားလုံးရေးဆွဲပြီးပါကအတူထိုင်နေသော ကလေးအချင်းချင်း မည်သည့်ပုံကို ဆွဲထား၍ မည်သည့်အရောင်ခြယ်ထားသည်တို့ကို အပြန်အလှန်ပြောစေမည်။ ကောင်းသောအချက်များကိုကလေးအချင်းချင်း ချီးကျူးစေမည်။

● မိမိတို့ ဆွဲထားသောပုံနှင့်ပတ်သက်၍ ရှင်းပြမည်။ ရေးထားသောအရာများ၏ အကြီးအသေးကို မည်ကဲ့သို့စဉ်းစားခဲ့သည်ကို ပြောမည်။ (ဥပမာ- ခြံထဲမှာပန်းပွင့်အသေး၊ ပန်းပွင့်အလတ်နဲ့ အကြီးဆုံးပန်းပွင့်လဲ ရှိတယ်။)

DBE Box-Copyright Protected

# ၂-၁ သဘာဝပုံသဏ္ဌာန်များကို ကူးယူရေးဆွဲပြီး ဆေးရောင်ခြယ်ခြင်း
**စာသင်ချိန် (၁)ချိန်**

**သင်ယူမှုဦးတည်ချက်**

သစ်ရွက်၏အနားသတ်မျဉ်းများကို ကူးယူရေးဆွဲ၍ အရောင်နှင့် ပုံသဏ္ဌာန်ကို ဖန်တီးရေးဆွဲတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

A4 စက္ကူ (ကလေးတစ်ဦးလျှင်တစ်ရွက်နှုန်း)၊ ရောင်စုံခဲတံ သို့မဟုတ် ဖယောင်းရောင်စုံ၊ သစ်ရွက်များ၊ သစ်ရွက်ပုံဆွဲထားသော စက္ကူ။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

### နိဒါန်း (၅ မိနစ်)

■ ကြိုတင်ရေးဆွဲထားသော သစ်ရွက်ပုံနှင့် သစ်ရွက်ကိုပြကာ ပုံသဏ္ဌာန်အရွယ်အစားတူအောင် မည်ကဲ့သို့ဆွဲခဲ့သနည်းဟု မေးမည်။

### သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)

■ ပုံသဏ္ဌာန်၊ အရွယ်အစားထပ်တူကျရန် သစ်ရွက်ကို စာရွက်ပေါ်တင်၍ခဲတံဖြင့် ရေးဆွဲရကြောင်းကို နမူနာတစ်ခုပြုလုပ်ပြကာ ရှင်းပြမည်။

■ ဆရာနှင့်အတူ စာသင်ခန်းပြင်ပသို့ထွက်၍ ကြွေကျနေသော သစ်ရွက်အချို့ကို ကောက်ယူစေမည်။ ထိုကဲ့သို့ကောက်ယူရာ၌ A4 စက္ကူပေါ်တွင် လွယ်ကူစွာရေးဆွဲနိုင်မည့် သစ်ရွက် (၃)ရွက်ခန့်ကိုသာကောက်ရန် သတိပေးရမည်။


● စာသင်ခန်းပြင်ပသို့ထွက်၍ သစ်ရွက်များကောက်မည်။

■ စာသင်ခန်းအတွင်း ပြန်လည်ဝင်ရောက်လာပြီးနောက် ဆရာက A4 စက္ကူ ရောင်စုံခဲတံ သို့မဟုတ် ဖယောင်းရောင်စုံများကို ဝေပြီး ကောက်ယူလာသော သစ်ရွက်များကို A4 စက္ကူပေါ်တွင်ထပ်ကာ ခဲတံဖြင့်ကူးယူစေမည်။ ထိုကဲ့သို့ကူးယူရာ၌ သစ်ရွက်ကို လက်ချောင်းကလေးများဖြင့် ဖိထားစေမည်။

● မိမိတို့ကောက်ယူလာသော သစ်ရွက်ကလေးများအား A4 စက္ကူပေါ်တွင် နေရာချ၍ထပ်ကာကူးယူကြမည်။

**အခန်း(၂)** ပုံသဏ္ဌာန်များကို ပြန်လည်ဖော်ထုတ်ရေးဆွဲခြင်း

**သင်ခန်းစာ(၁) သဘာဝပုံသဏ္ဌာန်များကို ကူးယူရေးဆွဲပြီး ဆေးရောင်ခြယ်ခြင်း**












၈

## သတိပြုရမည့်အချက်များ

① ကျောင်းဝင်းအတွင်း သစ်ရွက်မရရှိနိုင်ပါက ဆရာက ကြိုတင်ပြင်ဆင်၍ ယူဆောင်လာရမည်။

① သစ်ပင်ပေါ်မှ သစ်ရွက်များကို မခူးရန် သတိပေးရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၁။ သစ်ရွက်၏ ပုံသဏ္ဌာန်ကို အနားသတ်မျဉ်းအတိုင်းတိကျမှန်ကန်စွာ ဆွဲခြင်း။

| | |
|---|---|
| A | သစ်ရွက်များကို ထပ်၍ကူးယူရေးဆွဲရာတွင် တိကျပြတ်သားစွာကူးယူနိုင်ခြင်း။ |
| B | သစ်ရွက်များကို ထပ်၍ကူးယူနိုင်ခြင်း။ |
| C | သစ်ရွက်များကို ထပ်၍မကူးယူနိုင်ခြင်း။ |

DBE Box-Copyright-Protected




## သတိပြုရမည့်အချက်များ

၂ သစ်ရွက်ပြမသွားစေရန် အနားစွန်းအတိုင်းခဲတံကို ဖြည်းဖြည်းဆွဲရမည်။

၃ သစ်ရွက်တစ်ရွက်တည်းကို အကြိမ်ကြိမ်ရေးခြင်း၊ မတူသောသစ်ရွက်များကို တစ်ခုပေါ် တစ်ခုထပ်ကာရေးခြင်းများ ပြုလုပ်နိုင်ကြောင်း ရှင်းပြမည်။

၄ မူလသစ်ရွက်၏ အရောင်နှင့် မတူသော အရောင်များကိုလည်း ခြယ်နိုင်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ ပုံသဏ္ဌာန်နှင့် အရောင်အမျိုးမျိုးကို ပေါင်းစပ်အသုံးပြု၍ ဖန်တီးရေးဆွဲခြင်း။

| | |
|---|---|
| A | ပုံသဏ္ဌာန်နှင့် အရောင်အမျိုးမျိုးကို ပေါင်းစပ်အသုံးပြု၍ ဖန်တီးရေးဆွဲနိုင်ခြင်း။ |
| B | ပုံသဏ္ဌာန်နှင့် အရောင်အနည်းငယ်ကိုသာ ပေါင်းစပ်အသုံးပြု၍ ဖန်တီးရေးဆွဲနိုင်ခြင်း။ |
| C | ပုံသဏ္ဌာန်နှင့် အရောင်များကို ပေါင်းစပ်အသုံးပြု၍ မရေးဆွဲနိုင်ခြင်း။ |

# သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

### သင်ခန်းစာဖြစ်စဉ်

- ■ ကောက်ယူလာသော သစ်ရွက်များကို ကလေးအချင်းချင်း အပြန်အလှန်လဲ၍ ဖြစ်စေ၊ သစ်ရွက်တစ်ရွက်တည်းကို တစ်ကြိမ်ထက်ပို၍ဖြစ်စေကူးယူနိုင်ကြောင်း ရှင်းပြမည်။
- ■ ကူးယူရေးဆွဲထားသော ပုံများတွင် ဖယောင်းရောင်စုံသို့မဟုတ် ရောင်စုံခဲတံတို့ဖြင့် ဆေးရောင်အပြည့်ခြယ်မည်။ ဆေးရောင်ခြယ်ရာ၌ ပုံ၏အပြင်သို့ မထွက်စေရန် သတိပေးမည်။
- ■ ဆရာက လှည့်လည်ကြည့်ရှု၍ အခက်အခဲရှိသော ကလေးများကို ကူညီပံ့ပိုးပြီး သန့်ရှင်းသပ်ရပ်စွာ ကူးယူရေးဆွဲထားသော လက်ရာအချို့ကို ကြည့်ရှုမှတ်သားထားရမည်။
- ● ဆေးရောင်ခြယ်ကြမည်။

### နိဂုံး (၅ မိနစ်)

- ■ အားလုံးရေးဆွဲပြီးပါက အတူထိုင်နေသော ကလေးအချင်းချင်း မည်ကဲ့သို့ကူးယူရေးဆွဲထား၍ မည်သည့်အရောင်ခြယ်ထားသည်တို့ကို အပြန်အလှန်ပြောစေမည်။ ကောင်းသောအချက်များကို ကလေးအချင်းချင်း ချီးကျူးစေမည်။
- ● သူငယ်ချင်း၏ လက်ရာပုံများထဲမှ မိမိနှစ်သက်သောပုံကို ရွေးကာ နှစ်သက်ရသောအကြောင်းကို ပြောမည်။
- ■ ပုံကိုသန့်ရှင်းသပ်ရပ်စွာ ရေးဆွဲထားသော ကလေးအချို့ကို အတန်းရှေ့သို့ ထွက်စေ၍ မိမိ၏ပုံအကြောင်းကို ပြောစေမည်။ ဆန္ဒရှိသည့် ကလေးအချို့ကို မိမိရေးဆွဲထားသော ရုပ်ပုံအကြောင်း ရှင်းပြစေမည်။

မှတ်ချက်

အသုံးပြုပြီးသော သစ်ရွက်များကို အမှိုက်ပုံးထဲသို့စနစ်တကျ စွန့်ပစ်ရန် ကလေးများအား ညွှန်ကြားမည်။

DBE Box-Copyright Protected

# ၂-၂ မြင်တွေ့ဖူးသောအကြောင်းအရာများကို ပြန်လည်စဉ်းစားရေးဆွဲခြင်း
**စာသင်ချိန် (၁)ချိန်**

**သင်ယူမှုဦးတည်ချက်**

မြင်တွေ့ဖူးသော အကြောင်းအရာများနှင့် စိတ်ကူးထားသော အကြောင်းအရာများကို ပေါင်းစပ်ရေးဆွဲ၍ ရှင်းလင်းတင်ပြတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

A4 စက္ကူတစ်ဝက်(ကလေးတစ်ဦးလျှင်တစ်ရွက်နှုန်း)၊ ရောင်စုံခဲတံ သို့မဟုတ် ဖယောင်းရောင်စုံ။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**

■ ကျောင်းလာတုန်းက လမ်းမှာဘာတွေတွေ့မြင်ခဲ့သလဲဟု မေးပါမည်။

● စက်ဘီး၊ ကား၊ လူ စသည်ဖြင့် စဉ်းစား၍ဖြေဆိုကြမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

■ A4 စက္ကူတစ်ဝက်စီနှင့် ရောင်စုံခဲတံ သို့မဟုတ် ဖယောင်းရောင်စုံများကို ဝေပေးမည်။

■ ပတ်ဝန်းကျင်တွင် တွေ့မြင်လေ့ရှိသော အရာများထဲမှ(၂)မျိုးခန့်ကို ရေးဆွဲပြပြီး လမ်းတွင်တွေ့ခဲ့သော အရာများဖြစ်ကြောင်း ရှင်းပြမည်။

■ ထို့နောက်ကလေးများတွေ့မြင်ခဲ့သည့်အရာများထဲမှ (၁)ခုကို စဉ်းစား၍ဆွဲစေမည်။

● မိမိပတ်ဝန်းကျင်တွင် တွေ့မြင်ခဲ့သောအရာများထဲမှနှစ်သက်ရာပုံကို ရေးဆွဲကြမည်။

■ ရေးဆွဲရန် အခက်အခဲရှိသောကလေးများအား ဆရာက ပံ့ပိုးပေးရမည်။

**အခန်း(၂)** ပုံသဏ္ဌာန်များကို ပြန်လည်ဖော်ထုတ်ရေးဆွဲခြင်း

**သင်ခန်းစာ(၂) မြင်တွေ့ဖူးသောအကြောင်းအရာများကို ပြန်လည်စဉ်းစားရေးဆွဲခြင်း**




၁၀

## သတိပြုရမည့်အချက်များ

- ဆရာက ကလေးများရှေ့တွင် လွယ်ကူသောပုံများကို ရေးဆွဲပြရမည်။
- ပေတံမသုံးရန် အထူးသတိပြုရမည်။
- ၁ ပုံဆွဲရာ၌ စာရွက်ပေါ်တွင် ကြီးကြီးရေးဆွဲစေမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ မိမိပတ်ဝန်းကျင်တွင် တွေ့မြင်ရသောအကြောင်းအရာကို ရေးဆွဲခြင်း။

| | |
|---|---|
| A | မိမိပတ်ဝန်းကျင်ရှိတွေ့မြင်ရသော အကြောင်းအရာကို သန့်ရှင်းသပ်ရပ်စွာ ရေးဆွဲနိုင်ခြင်း။ |
| B | မိမိပတ်ဝန်းကျင်ရှိတွေ့မြင်ရသော အကြောင်းအရာကို ရေးဆွဲနိုင်ခြင်း။ |
| C | မိမိပတ်ဝန်းကျင်ရှိတွေ့မြင်ရသော အကြောင်းအရာကို မရေးဆွဲနိုင်ခြင်း။ |

DRE-Box-Copyright Protected




သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ



A4 စက္ကူ



ဖယောင်းရောင်စုံ

၁၁

## သတိပြုရမည့်အချက်များ

J ဆွဲထားသည့်ပုံအား ဆေးခြယ်ရာတွင် အနားသတ်မျဉ်း၏ အပြင်မထွက်စေဘဲ သတိပြု၍ ဆေးခြယ်ရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ စိတ်ကူးထားသောအကြောင်းအရာကို ဖြည့်စွက်ရေးဆွဲနိုင်ပြီး ရှင်းပြခြင်း။

| | |
|---|---|
| A | စိတ်ကူးထားသော အကြောင်းအရာကို ဖြည့်စွက်ရေးဆွဲနိုင်ပြီး သေချာစွာရှင်းပြနိုင်ခြင်း။ |
| B | စိတ်ကူးထားသော အကြောင်းအရာကို ဖြည့်စွက်ရေးဆွဲနိုင်ပြီး ရှင်းပြနိုင်ခြင်း။ |
| C | ဖြည့်စွက်ရေးဆွဲထားသည့်ပုံကို မရှင်းပြနိုင်ခြင်း။ |

# သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

## သင်ခန်းစာဖြစ်စဉ်

■ ရေးဆွဲထားသောပုံနှင့် အကြောင်းအရာဆက်စပ်မှုရှိသော ရုပ်ပုံ(၂)ခု သို့မဟုတ် (၃)ခုကို စဉ်းစားပြီး ရေးဆွဲပြမည်။ ရေးဆွဲရသည့် စိတ်ကူးအကြောင်းရင်းကို ရှင်းပြမည်။ ဥပမာ- ဆရာက ကျောင်းလာတဲ့အခါအိမ်ကို တွေ့ခဲ့တယ်။ အရိပ်ရဖို့ သစ်ပင်နဲ့ သွားဖို့လာဖို့အတွက် ကားကလေးတွေကို ထပ်ဖြည့်ဆွဲလိုက်တယ်ဟု ပြောပြမည်။

● ရေးဆွဲထားသော ပုံနှင့် အကြောင်းအရာ ဆက်စပ်မှုရှိသော ရုပ်ပုံ(၂)ခု သို့မဟုတ် (၃)ခုကို ဆွဲမည်။

■ ပုံဆွဲထားသည့် စက္ကူပေါ်တွင် ရေးဆွဲရသည့် စိတ်ကူးအကြောင်းရင်းကို ရေးစေမည်။

■ ဆရာက လှည့်လည်ကြည့်ရှု၍ အခက်အခဲရှိသော ကလေးများအား ကူညီပံ့ပိုးပြီး သန့်ရှင်းသပ်ရပ်စွာ ဆွဲထားသော လက်ရာအချို့ကို ကြည့်ရှုမှတ်သားထားရမည်။

## နိဂုံး (၅ မိနစ်)

■ အားလုံးရေးဆွဲပြီးပါက ကလေးအချင်းချင်း မည်သည့်စိတ်ကူးဖြင့် ရေးဆွဲထားသည်ကို အပြန်အလှန်ပြောပြစေမည်။ ကောင်းသောအချက်များကို ကလေးအချင်းချင်း ချီးကျူးစေမည်။

● မည်သည့်စိတ်ကူးဖြင့် ရေးဆွဲထားသည်ကို ပြောပြမည်။

■ ကလေးအချင်းချင်း ပြောဆိုနေသည်ကို ကြည့်၍ ဆရာက ချီးကျူးရမည်။

DBE Box-Copyright Protected

## ၂-၃ မိမိဒေသမှရရှိသော သဘာဝအရောင်များကို အသုံးပြု၍ ရုပ်ပုံများရေးဆွဲခြင်း
**စာသင်ချိန် (၁)ချိန်**

**သင်ယူမှုဦးတည်ချက်**

ပတ်ဝန်းကျင်ရှိ အရောင်ခြယ်နိုင်သော သဘာဝပစ္စည်းများကို အသုံးပြု၍ ရုပ်ပုံများရေးဆွဲတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

A4 စက္ကူတစ်ဝက်(ကလေးတစ်ဦးလျှင်တစ်ရွက်နှုန်း)၊ ပတ်ဝန်းကျင်ရှိ အရောင်ဆိုးနိုင်သော ပစ္စည်းများ(မြေနီမှုန့်၊ ကျွန်းရွက်၊ ခေါင်ရန်းပန်း၊ ခေါင်ရန်းရွက်၊ နနွင်းမှုန့်။)

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**

■ အကျီတွေ စက္ကူတွေမှာ မထင်မှတ်ဘဲ အရောင်စွန်းသွားဖူးသလား။ ဘယ်လိုအရာတွေကြောင့် အရောင်စွန်းသွားတာလဲ။

● မင်စွန်းဖူးတယ်၊ ဘောလုံးကန်ရင်း ရွှံ့ပေဖူးတယ် စသည်ဖြင့် ဖြေဆိုကြမည်။

■ ပတ်ဝန်းကျင်တွင် အရောင်ခြယ်နိုင်သော သဘာဝပစ္စည်းများရှိကြောင်း၊ ထိုပစ္စည်းများမှ သဘာဝအရောင်ကို အသုံးပြုပြီး ပုံဆွဲမည်ဖြစ်ကြောင်း ရှင်းပြမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

■ အတန်းတွင်းရှိ ကျောင်းသားဦးရေကိုလိုက်၍ အုပ်စုခွဲပြီး A4 စက္ကူနှင့် အသုံးပြုမည့်ပစ္စည်းများကို အုပ်စုခေါင်းဆောင်အားဝေပေးမည်။

■ ဆရာက ကြိုတင်ပြင်ဆင်ထားသော အရောင်ခြယ်နိုင်သည့် သဘာဝပစ္စည်း (၂)မျိုးခန့်ဖြင့် စက္ကူပေါ်တွင် ပွတ်ခြေ၍ ရလာသောအရောင်ကို ပြမည်။ အသုံးပြုသောပစ္စည်းကိုလိုက်၍ အရောင်ပြောင်းနိုင်ကြောင်း ရှင်းပြမည်။

● ဆရာရှင်းပြသည်ကို သေချာစွာ နားထောင်ကြမည်။

■ ရေဖြင့် ဖျော်ရမည့်အရောင်ခြယ်ပစ္စည်းများကို အသုံးပြုပါက အုပ်စုဝင်အားလုံး မျှဝေအသုံးပြုရမည်ဖြစ်ကြောင်း ပြောပြမည်။


**အခန်း(၂) ပုံသဏ္ဌာန်များကို ပြန်လည်ဖော်ထုတ်ရေးဆွဲခြင်း**

**သင်ခန်းစာ(၃) မိမိဒေသမှရရှိသော သဘာဝအရောင်များကို အသုံးပြု၍ ရုပ်ပုံများရေးဆွဲခြင်း**

၁

ခေါင်ရန်းပန်း

ကျွန်းရွက်

ပုဏ္ဏရိက်အသီး

မြေနီမှုန့်

စိန်ပန်း

ခေါင်ရန်းရွက်

နနွင်းမှုန့်

ဒန်းရွက်

ရွှံ့



၁၂

**သတိပြုရမည့်အချက်များ**

● အရောင်ခြယ်နိုင်သောပစ္စည်းကို ကြိုတင်ပြင်ဆင်သောအခါ စက္ကူပေါ်တွင် အရောင်ထင်ရှားမှု ရှိ၊ မရှိကို ဦးစွာစမ်းသပ်ကြည့်ရမည်။

● အရောင်လည်းထွက်ပြီး ကလေးများအန္တရာယ်ကင်းသောပစ္စည်းများကို သေချာစွာရွေးချယ်ရပါမည်။

● အရောင်ခြယ်သောပစ္စည်းများကို အုပ်စုအားလုံးအတွက်ကြိုတင်ပြင်ဆင် ထားရပါမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ အရောင်ခြယ်နိုင်သော သဘာဝပစ္စည်းများကို အသုံးပြု၍ ပုံဆွဲခြင်း။

| | |
|---|---|
| A | မိမိပတ်ဝန်းကျင်ရှိ အရောင်ခြယ်နိုင်သော သဘာဝပစ္စည်းကိုအသုံးပြု၍ ပုံကိုပေါ်လွင်ထင်ရှားစွာ ရေးဆွဲနိုင်ခြင်း။ |
| B | မိမိပတ်ဝန်းကျင်ရှိ အရောင်ခြယ်နိုင်သော သဘာဝပစ္စည်းကို အသုံးပြု၍ ပုံဆွဲနိုင်ခြင်း။ |
| C | မိမိပတ်ဝန်းကျင်ရှိ အရောင်ခြယ်နိုင်သော သဘာဝပစ္စည်းကို အသုံးပြု၍ ပုံမဆွဲနိုင်ခြင်း။ |

DBE Box-Copyright Protected


နမူနာပုံလက်ရာများ။

၃

ခေါင်ရန်းပန်း၊ သဲ၊ ကော်ကို သုံးထားသည်။

နနွင်းမှုန့်ရည်ကို သုံးထားသည်။

နနွင်းမှုန့်၊ ဒန်းရွက်ကို သုံးထားသည်။

ရွှံ့ရည်ကို သုံးထားသည်။



သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

A4 စက္ကူ

ပတ်ဝန်းကျင်မှ ရရှိနိုင်သည့် အရောင်ဆိုးနိုင်သော ပစ္စည်းများ

၁၃

## သတိပြုရမည့်အချက်များ

၂ စုတ်တံမသုံးဘဲလက်ချောင်းများဖြင့် စက္ကူပေါ်တွင်တိုက်ရိုက်ရေးခြစ်အရောင်ခြယ်ရမည်။

● အရောင်ခြယ်မည့်ပစ္စည်းများကို ကလေးများ ပါးစပ်ထဲမဝင်အောင် သတိပေးရမည်။

၃ ရုပ်ပုံကို ထင်ရှားအောင် ဆွဲရမည်။

● သင်ခန်းစာပြီးဆုံးပါက ဆပ်ပြာဖြင့် လက်ကိုစင်ကြယ်စွာဆေးကြောရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ အရောင်ခြယ်ပစ္စည်းကို ရွေးချယ်ရသည့် အကြောင်းရင်းကို ရှင်းပြခြင်း။

| | |
|---|---|
| A | အရောင်ခြယ်ပစ္စည်းရွေးချယ်ရသည့်အကြောင်းရင်းကို အသေးစိတ်ရှင်းပြနိုင်ခြင်း။ |
| B | အရောင်ခြယ်ပစ္စည်းကို ရွေးချယ်ရသည့်အကြောင်းရင်းကို ရှင်းပြနိုင်ခြင်း။ |
| C | အရောင်ခြယ်ပစ္စည်းကို ရွေးချယ်ရသည့်အကြောင်းရင်းကို မရှင်းပြနိုင်ခြင်း။ |

# သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

## သင်ခန်းစာဖြစ်စဉ်

■ A4 စက္ကူပေါ်တွင် ပတ်ဝန်းကျင်ရှိ အရောင်ခြယ်နိုင်သည့်ပစ္စည်းကိုသုံး၍ ရုပ်ပုံများရေးဆွဲစေမည်။

● အရောင်ခြယ်နိုင်သော သဘာဝပစ္စည်းကို သုံး၍ ရုပ်ပုံများရေးဆွဲကြမည်။

■ အရောင်ရရှိရန်အရွက်ကို အသုံးပြုခြင်းအားဖြင့် သဘာဝပစ္စည်းများမှ အရောင်ရရှိကြောင်း သိရှိစေမည်။

■ ပုံဆွဲထားသောစက္ကူပေါ်တွင် အရောင်ခြယ်ပစ္စည်း ရွေးချယ်ရသည့် အကြောင်းရင်းကို ရေးစေမည်။

■ ဆရာက လှည့်လည်ကြည့်ရှု၍ အခက်အခဲရှိသော ကလေးများအား ကူညီပံ့ပိုးပေးပြီး သန့်ရှင်းသပ်ရပ်စွာ ဆွဲထားသော လက်ရာအချို့ကို ကြည့်ရှုမှတ်သားထားရမည်။

● ပြုလုပ်၍မရပါက ဆရာ၏ အကူအညီယူမည်။

## နိဂုံး (၅ မိနစ်)

■ အားလုံးရေးဆွဲပြီးပါကအတူထိုင်နေသော ကလေးအချင်းချင်း မည်သည့်အရောင်ခြယ်ပစ္စည်းကိုသုံး၍ မည်သည့်ပုံဆွဲထားသည်ကို အပြန်အလှန်ပြောပြစေမည်။ ကောင်းသောအချက်များကို ကလေးအချင်းချင်း ချီးကျူးစေမည်။

● ဘေးချင်းကပ်ကလေးအချင်းချင်း မည်သည့်ပုံဆွဲထားသည်၊ မည်သည့်ပစ္စည်းကိုသုံးပြီး ဆွဲခဲ့သည်ဆိုသည်ကို ရှင်းပြမည်။ (အဝါရောင်နနွင်းကို သုံးပြီးပန်းအဝါလေးဆွဲထားတယ်)

■ အရောင်ခြယ်ပစ္စည်းများမှ အရောင်ကို ပေါ်လွင်အောင် ရေးဆွဲထားသော ကလေးအချို့ကို အတန်းရှေ့သို့ ထွက်စေပြီး မိမိပုံအကြောင်းကို ပြောစေမည်။ ထို့ပြင်မိမိရေးဆွဲထားသော ရုပ်ပုံ၏အကြောင်းကို ရှင်းပြလိုသည့် ကလေးအချို့ကို ခေါ်ထုတ်၍ ရှင်းပြစေမည်။

မှတ်ချက်

ပတ်ဝန်းကျင်ရှိ အရောင်ခြယ်နိုင်သော သဘာဝပစ္စည်းများတွင် အဆိပ်အတောက်ဖြစ်စေနိုင်သော သစ်ရွက်များ ပန်းပွင့်များရှိနိုင်သောကြောင့် မိမိတို့အိမ်တွင် လက်တွေ့စမ်းသပ်ရေးဆွဲလိုသော ကလေးများသည် အသုံးပြုမည့်သဘာဝပစ္စည်းများကို မိဘအုပ်ထိန်းသူများအား မေးမြန်းပြသပြီးမှ သုံးစွဲရမည်ဖြစ်ကြောင်းမှာကြားရမည်။

DBE Box-Copyright Protected

# ၂-၄ ရောင်စုံဆေးစက်များကို လေမှုတ်ပုံဖော်ခြင်း

**စာသင်ချိန် (၁)ချိန်**

**သင်ယူမှုဦးတည်ချက်**

ရေဆေးကို အစက်ချကာ လေမှုတ်ပုံဖော်၍ ရှင်းပြတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

A4 စက္ကူ (ကလေးတစ်ဦးလျှင် တစ်ရွက်နှုန်း)၊ ရေဆေးဖျော်ထားသောခွက်၊ စုတ်တံ၊ အအေးပိုက်၊ သတင်းစာအဟောင်း။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**

- ■ မည်သည့်အရောင်ကို နှစ်သက်သနည်းဟု မေးမည်။
- ● မိမိနှစ်သက်သော အရောင်ကိုပြောဆိုမည်။
- ■ ယခုသင်ခန်းစာတွင် ဆေးစက်ကလေးများချကာ ပိုက်ဖြင့်မှုတ်ပြီး ပုံဖော်ရေးဆွဲမည်ဖြစ်ကြောင်း ပြောပြမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- ■ A4 စက္ကူပေါ်တွင် ဆေးစက်ချပြီးပိုက်ဖြင့်မှုတ်ပြမည်။ ပထမအရောင်နှင့် မတူသော အရောင်ကို အစက်ချ၍မှုတ်ပြပြီး အရောင်များပျံ့နှံ့ပုံကိုပြကာ မည်သည့်ပုံကို မြင်ရသနည်းဟု မေးမည်။
- ● ဖြစ်ပေါ်လာသောပုံကိုကြည့်ပြီး စဉ်းစား၍ ဖြေဆိုမည်။
- ■ အုပ်စုများဖွဲ့ပေးပြီး သင်ထောက်ကူပစ္စည်းများကို အုပ်စုများအလိုက်ခွဲဝေပေးမည်။
- ■ ရေဆေးကိုသုံး၍ မှုတ်မီ ပိုက်ကိုဖြည်းညင်းစွာမှုတ်ခြင်း၊ အားပြင်းစွာမှုတ်ခြင်းတို့ကို အရင်ဦးစွာလေ့ကျင့်ပေးမည်။ ထို့နောက် A4 စက္ကူပေါ်တွင် ဆေးစက်များကိုချပြီး လေဖြင့်မှုတ်စေမည်။ ဆေးစက်ချရာတွင် ပမာဏမများစေရန် သတိပေးရမည်။
- ● A4 စက္ကူပေါ်တွင် ဆေးစက်များချကာ ပိုက်ဖြင့်မှုတ်မည်။
- ■ ဆရာက လှည့်လည်ကြည့်ရှု၍ မလုပ်နိုင်သည့်ကလေးများကို ကူညီပေးမည်။ ဆေးစက်ကိုပိုက်နှင့် မထိစေရန်သတိပေးမည်။


**အခန်း(၂) ပုံသဏ္ဌာန်များကို ပြန်လည်ဖော်ထုတ်ရေးဆွဲခြင်း**

**သင်ခန်းစာ(၄) ရောင်စုံဆေးစက်များကို လေမှုတ်ပုံဖော်ခြင်း**



၁၄

**သတိပြုရမည့်အချက်များ**

- ၁ ရေဆေးခွက်ကိုကလေးများအားလုံးလက်လှမ်းမီစေရန် အုပ်စုတစ်အုပ်စုလျှင် အများဆုံး (၆)ယောက်ထိသာထားရမည်။
- ● ရေဆေးကို ကျဲကျဲပြင်ဆင်ထားရမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ အရောင်များကို နေရာအသီးသီးပျံ့နှံ့စေရန်လေဖြင့် မှုတ်ခြင်း။

| | |
|---|---|
| A | ဆေးရောင်များလှပစွာရောနှောပျံ့နှံ့စေရန် လေဖြင့်မှုတ်နိုင်ခြင်း။ |
| B | ဆေးရောင်များရောနှောပျံ့နှံ့စေရန် လေဖြင့်မှုတ်နိုင်ခြင်း။ |
| C | ဆေးရောင်များရောနှောပျံ့နှံ့စေရန် လေဖြင့်မမှုတ်နိုင်ခြင်း။ |

DBE Box-Copyright Protected




## သတိပြုရမည့်အချက်များ

- ဆေးရောင်မရှိလျှင် မင်ရည်(မဲနယ်ရည်)ကိုလည်းသုံးနိုင်သည်။
- စာရေးစားပွဲခုံများမညစ်ပတ်စေရန် သတင်းစာအဟောင်းကို အောက်ခံထားရမည်။
- ရေဆေးများ ကလေးပါးစပ်ထဲသို့ မဝင်မိစေရန် သတိပြုရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ ဖြစ်ပေါ်လာသောပုံသဏ္ဌာန်ကို အခြေခံ၍ ရှင်းပြခြင်း။

| | |
|---|---|
| A | ဖြစ်ပေါ်လာသောပုံသဏ္ဌာန်ကို အသေးစိတ်ရှင်းပြနိုင်ခြင်း။ |
| B | ဖြစ်ပေါ်လာသောပုံသဏ္ဌာန်ကို ရှင်းပြနိုင်ခြင်း။ |
| C | ဖြစ်ပေါ်လာသောပုံသဏ္ဌာန်တို့ကို မရှင်းပြနိုင်ခြင်း။ |

# သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

## သင်ခန်းစာဖြစ်စဉ်

- ■ ဆရာက လှည့်လည်ကြည့်ရှုနေစဉ် ဆေးစက်များ ရောနှောပျံ့နှံ့သွားသည့်အခါ မည်သည့်ပုံ ဖြစ်ပေါ်လာသည်ကို မေးမြန်းပြီး ဖြစ်ပေါ်လာသည့်ပုံနှင့် ပတ်သက်၍ ထင်မြင်ယူဆချက်ကို ပုံတွင် ရေးစေမည်။ လှပစွာအရောင်ပျံ့နှံ့နေသော ပုံများကို ကြည့်ရှုမှတ်သားရမည်။
- ● ထင်မြင်ယူဆချက် ရေးထားသောပုံများကို အုပ်စုဝင်အချင်းချင်း အပြန်အလှန်ပြသမည်။(ဥပမာ- သစ်ကိုင်းခြောက်၊ မီးပန်း စသည်ဖြင့်)

## နိဂုံး (၅ မိနစ်)

- ■ အတူထိုင်နေသော ကလေးအချင်းချင်း မည်သည့်ပုံဖြစ်သည်ကို အပြန်အလှန်ပြောစေပါမည်။ ကောင်းသောအချက်များကို ကလေးအချင်းချင်း ချီးကျူးစေပါမည်။
- ● ဖြစ်ပေါ်လာသောအရောင်နှင့် ပုံကိုကြည့်၍အရောင်များ လှပစွာ ရောနှောပျံ့နှံ့မှု ရှိ၊ မရှိကြည့်မည်။ မည်သည့်ပုံဖြစ်သည်ကို စဉ်းစား၍ပြောမည်။
- ■ သင်ခန်းစာပြီးဆုံးလျှင် ကလေးများကိုမိမိအသုံးပြုထားသည့် ပစ္စည်းများအား သတ်မှတ်ထားသောနေရာတွင်သိမ်းဆည်းစေမည်။
- ● အသုံးပြုထားသောပစ္စည်းများကို စနစ်တကျသိမ်းမည်။

မှတ်ချက်

ကျန်ရှိနေသောရေဆေးများကို ကျန်စာသင်ချိန်များတွင် အသုံးပြုရန်အတွက် စနစ်တကျသိမ်းဆည်းထားမည်။

DBE Box-Copyright Protected

# ၂-၅ ရောင်စုံဆေးစက်များချကာ ပုံတူကူးယူခြင်း
## စာသင်ချိန် (၁)ချိန်

### သင်ယူမှုဦးတည်ချက်
ဆေးစက်ချ၍ ကူးယူပြီးဖြစ်ပေါ်လာသော ပုံသဏ္ဌာန်ကို ဖော်ပြတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ
A4 စက္ကူ၊ ရေဆေးဖျော်ထားသော ခွက်၊ စုတ်တံ။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်
**နိဒါန်း (၅ မိနစ်)**

- ■ ဆေးရောင်ခြယ်ရာတွင် အသုံးပြုသည့်ပစ္စည်းများကို မေးပါမည်။
- ● ရောင်စုံခဲတံ၊ ဖယောင်းရောင်စုံ၊ ရေဆေးစသည်ဖြင့် ဖြေကြားမည်။
- ■ ရေဆေးကို အသုံးပြုရာတွင် ဆေးပျစ်ပျစ်ဖျော်ပြီး စက္ကူတစ်ဖက်ခြမ်းတွင် ကူးယူသည့်နည်းဖြစ်ကြောင်း ရှင်းပြမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- ■ ကလေးများမြင်သာသော နေရာမှ နမူနာတစ်ခုကို ပြုလုပ်ပြမည်။
- ■ ပထမဦးစွာ A4 စက္ကူကို အလယ်မှ ထက်ဝက်ခေါက်ပြီး အသင့်ဖျော်ထားသောရေဆေးများကို စက္ကူ၏ခေါက်ရာတစ်ခြမ်းတွင် စုတ်တံဖြင့်ယူ၍ ချမည်။
- ■ ခေါက်ထားသည့် စာမျက်နှာ တစ်ဖက်ခြမ်းတွင်သာ ရေဆေးအစက်ချရမည်ကို ထပ်မံရှင်းပြမည်။
- ■ ထို့နောက် ပုံတူကူးပြမည်ဟုပြောကာ ကျန်စာမျက်နှာကို ရေဆေးချထားသော စာမျက်နှာပေါ်သို့ ဖိကပ်ခြင်းဖြင့် ကူးယူမည်။
- ● ဂရုတစိုက် ကြည့်ရှုကြမည်။




အခန်း(၂) ပုံသဏ္ဌာန်များကို ပြန်လည်ဖော်ထုတ်ရေးဆွဲခြင်း

သင်ခန်းစာ(၅) ရောင်စုံဆေးစက်များချကာ ပုံတူကူးယူခြင်း

ပြုလုပ်ပုံအဆင့်ဆင့်

၁။ A4 စက္ကူကို တစ်ဝက်ခေါက်ပါ။

၂။ စက္ကူကို ပြန်ဖွင့်ပါ။

၃။ စက္ကူ၏ တစ်ခြမ်းတွင် ဆေးစက်ချပါ။

၄။ လွတ်နေသောအခြမ်းကို ဆေးစက်ပေါ်သို့ဖိပါ။

၅။ ဖိထားသောစက္ကူကိုပြန်ဖွင့်ပါ။

၁၆

### သတိပြုရမည့်အချက်များ
- ရေဆေးဖျော်ရာတွင် အရည်ပျစ်ပျစ်ဖျော်မည်။
- အရောင်ရောနှောမှုမရှိစေရန် အသုံးပြုပြီးသား စုတ်တံအားမူလဆေးခွက်ထဲသို့သာ ပြန်လည်ထည့်ရမည်။
- စုတ်တံသည် ရေဆေး အစက်ချရန် အတွက်သာဖြစ်ပြီး အရောင်ခြယ်ရန်မဟုတ်ကြောင်းကို ဆရာက သတိပေးရမည်။

### စစ်ဆေးအကဲဖြတ်ခြင်း
၁။ စာမျက်နှာတစ်ဖက်ခြမ်းတွင် ရေဆေးကို အစက်ချ၍ ခေါက်ချိုးညီ ရုပ်ပုံကို ပြုလုပ်ခြင်း။

| | |
|---|---|
| A | ရေဆေးကို အစက်ချ၍ ခေါက်ချိုးညီ ရုပ်ပုံပေါ်လွင်အောင် ပြုလုပ်နိုင်ခြင်း။ |
| B | ရေဆေးကို အစက်ချ၍ ခေါက်ချိုးညီ ရုပ်ပုံပြုလုပ်နိုင်ခြင်း။ |
| C | ရေဆေးကို အစက်ချ၍ ခေါက်ချိုးညီ ရုပ်ပုံမပြုလုပ်နိုင်ခြင်း။ |

DBE-Box-Copyright-Protected




သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ


A4 စက္ကူ


ရေဆေးဖျော်ထားသောခွက်


စုတ်တံ

၁၇

## သတိပြုရမည့်အချက်များ

၁ ခေါက်၍ကူးယူသောအခါ အပေါ်မှလက်ဖြင့်ဖိကပ်၍အရောင်ကို ပြတ်ပြတ်သားသားကူးယူနိုင်သည်။

၂ ဖြစ်ပေါ်လာသောပုံသဏ္ဍာန်ကိုကြည့်၍ ကလေးများ၏စိတ်ကူးကို လွတ်လပ်စွာ ပြောဆိုခွင့်ပြုမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ ပုံ၏အမည်နှင့် အမည်ပေးရခြင်း အကြောင်းရင်းကို ရှင်းပြခြင်း။

| | |
|---|---|
| A | ပုံ၏အမည်နှင့် အမည်ပေးရခြင်း အကြောင်းရင်းကို အသေးစိတ်ရှင်းပြနိုင်ခြင်း။ |
| B | ပုံ၏အမည်နှင့် အမည်ပေးရခြင်း အကြောင်းရင်းကို ရှင်းပြနိုင်ခြင်း။ |
| C | ပုံ၏အမည်နှင့် အမည်ပေးရခြင်း အကြောင်းရင်းကို မရှင်းပြနိုင်ခြင်း။ |

# သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

### သင်ခန်းစာဖြစ်စဉ်

■ အုပ်စုများဖွဲ့ပေးပြီး သင်ထောက်ကူပစ္စည်းများကို အုပ်စုအလိုက်ခွဲဝေပေးမည်။

● နမူနာပြသသည့်အတိုင်း စက္ကူပေါ်တွင် ဆေးစက်ချကာ အရောင်ကူးယူကြမည်။

■ လှည့်လည်ကြည့်ရှု၍ လိုအပ်သည့်အကူအညီများပေးပြီး လက်ရာကောင်းများကို ကြည့်ရှုထားမည်။

● စိတ်ကူးပုံဖော်ပြီးပျော်ရွှင်စွာ လုပ်ဆောင်ကြမည်။

■ မိမိတို့ပြုလုပ်ထားသည့် လက်ရာများ၏ အမည်နှင့် အမည်ပေးရသည့် အကြောင်းရင်းကို စက္ကူပေါ်တွင် ရေးစေမည်။ (ကလေးများစဉ်းစားနေချိန်တွင်ဆရာက ရေဆေးခွက်များကို ပြန်လည်သိမ်းဆည်းပါ။)

● ဖြစ်ပေါ်လာသောပုံနှင့် လိုက်ဖက်သောအမည်ကို စဉ်းစား၍ ရေးမည်။

### နိဂုံး (၅ မိနစ်)

■ အားလုံးပြုလုပ်ပြီးပါက အတူထိုင်သော ကလေးအချင်းချင်း မည်သည့်ပုံ ဖြစ်သည်ကို အပြန်အလှန်ပြောစေမည်။ ကောင်းသောအချက်များကို ကလေးအချင်းချင်း ချီးကျူးစေမည်။

■ ပုံကိုသန့်ရှင်းသပ်ရပ်စွာ ပြုလုပ်ထားသော ကလေးအချို့ကို အတန်းရှေ့သို့ ထွက်စေ၍ မိမိ၏ပုံအကြောင်းကို ပြောစေမည်။ ဆန္ဒရှိသည့် ကလေးအချို့ကို မိမိပြုလုပ်ထားသော ရုပ်ပုံအကြောင်း ရှင်းပြစေမည်။

မှတ်ချက်
နောက်စာသင်ချိန်တွင်လည်း ရေဆေးအသုံးပြုမည်ဖြစ်သည့်အတွက် သိမ်းဆည်းထားရန်။

DBE Box-Copyright Protected

# ၂-၆ လက်ဖြင့်ဖောက်ထွင်းပြီး ဆေးရောင်စုံဖြင့် ပုံနှိပ်ကူးယူခြင်း။
**စာသင်ချိန် (၁)ချိန်**

### သင်ယူမှုဦးတည်ချက်
စက္ကူကိုလက်ဖြင့်ဖောက်ထွင်းပြီး မိုပုံပြုလုပ်၍ပုံတူရုပ်ပုံများ ကူးယူတတ်စေရန်။


### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ
A4 စက္ကူတစ်ဝက် (ကလေးတစ်ဦးနှစ်ရွက်နှုန်း)၊ ရေဆေးဖျော်ထားသောခွက်၊ အဝတ်စုတ်။(လူကြီးလက်တစ်ဝါးစာခန့်)

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်
**နိဒါန်း (၅ မိနစ်)**

- ■ နမူနာ မေးခွန်းများကို မေးမည်။ အားကစားအကျႌတွေမှာ ရိုက်ထားတဲ့ ပုံတွေ၊ စာလုံးတွေကိုမြင်ဖူးသလား။ အဲဒီပုံတွေ၊ စာလုံးတွေကို ဘယ်လိုရိုက်ထားတာလဲ။
- ● လွတ်လပ်စွာဖြေဆိုမည်။
- ■ အားကစားအကျႌတွေမှ ပုံများ၊ စာလုံးများသည် မိုပုံ(အပေါက်)ဖြင့် ရိုက်ထားကြောင်းရှင်းပြမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- ■ A4 စက္ကူတစ်ဝက်ကို အလျားလိုက်ခေါက်ချိုးမည်။ ခေါက်ရိုးဘက်တွင် နှစ်သက်ရာပုံ (၃)ပုံ၏ တစ်ဝက်စီကို ဆွဲပြမည်။ ထိုဆွဲထားသောပုံများကို လက်ဖြင့်ဆုတ်ဖြဲ၍ မိုပုံ(အပေါက်)များ ပြုလုပ်ပြမည်။
- ■ မိုပုံ(အပေါက်)များပြုလုပ်ထားသည့်စာရွက်ကို တစ်ခြားစာရွက်အလွတ်ပေါ် သို့ တင်ပြမည်။ ထို့နောက်အဝတ်စကို လုံးပြမည်။ ထိုလုံးထားသောအဝတ်စဖြင့် ရေဆေးများဖျော်ထားသော ခွက်အတွင်းရှိဆေးကို တို့ယူပြမည်။ အပေါက်ဖောက်ထားသောနေရာကို ဆေးတို့ထားသော အဝတ်ဖြင့် အသာအယာဖိပြီး ပုံတူကူးပြမည်။
- ● သေချာစွာကြည့်ရှု၍ မှတ်သားမည်။
- ■ အုပ်စုများဖွဲ့ပေးပြီး စာရွက်၊ အဝတ်စနှင့် ရေဆေးဖျော်ထားသောခွက်များကို အုပ်စုအလိုက်ဝေပေးမည်။
- ■ အဝတ်စတစ်ခုကို တစ်ရောင်တည်းသာအသုံးပြုရမည်ဖြစ်ကြောင်း ရှင်းပြမည်။





### သတိပြုရမည့်အချက်များ
1. မိုပုံကိုရေးဆွဲသည့်အခါ အနားသတ်မျဉ်းကို လက်ဖြင့် ဆုတ်ဖြဲရ လွယ်ကူစေရန် ထင်ရှားစွာ ရေးစေမည်။
2. ရေဆေးကို ရေနှင့် ရောစပ်သောအခါ မပျစ်လွန်း၊ မကျဲလွန်းအောင် သတိပြုရမည်။ သင်ခန်းစာမသင်ကြားမီ ဆရာက ရေဆေးကို ကြိုတင်ဖျော်ထားရန်လိုအပ်ပါသည်။

### စစ်ဆေးအကဲဖြတ်ခြင်း
၁။ ဖောက်ထားသောပုံနှင့် တစ်ထပ်တည်း တူညီသောပုံကို ကူးယူခြင်း။

| | |
|---|---|
| A | မိုပုံအတိုင်းသန့်ရှင်းသပ်ရပ်စွာ ကူးယူနိုင်ခြင်း။ |
| B | မိုပုံအတိုင်း ကူးယူနိုင်ခြင်း။ |
| C | မိုပုံအတိုင်း မကူးယူနိုင်ခြင်း။ |

DRE Box-Copyright Protected




## သတိပြုရမည့်အချက်များ

- ရေဆေးကို လက်၊ အင်္ကျီ၊ စားပွဲစသည်တို့တွင် ပေကျံမှုမရှိစေရန် သတိပေးရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ တူညီသောပုံသဏ္ဌာန်များကို အသုံးပြု၍ အဆင်ဒီဇိုင်းများ ပြုလုပ်ခြင်း။

| | |
|---|---|
| A | ရေဆေးရောင်များပြောင်းကာ အဆင်ဒီဇိုင်းကို လှပစွာလုပ်နိုင်ခြင်း။ |
| B | ရေဆေးရောင်များပြောင်းကာ အဆင်ဒီဇိုင်းများလုပ်နိုင်ခြင်း။ |
| C | ရေဆေးရောင်များပြောင်းကာ အဆင်ဒီဇိုင်းများ မပြုလုပ်နိုင်ခြင်း။ |

# သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

## သင်ခန်းစာဖြစ်စဉ်

- ■ A4 စက္ကူကို အလျားလိုက် ခေါက်ချိုးစေမည်။ ခေါက်ရိုးတစ်ဖက်တွင် နှစ်သက်ရာ ပုံ(၃)ပုံ၏ တစ်ဝက်စီကို ဆွဲစေမည်။ ထိုဆွဲထားသောပုံများကို လက်ဖြင့် ဆုတ်ဖြဲ၍ မိုပုံ (အပေါက်)များ ပြုလုပ်စေမည်။
- ■ မိုပုံ(အပေါက်)များ ပြုလုပ်ထားသည့်စာရွက်ကို တခြားစာရွက်အလွတ်ပေါ်သို့ တင်ပါစေ။
- ■ အဝတ်စကို လုံး၍ ရေဆေးဖျော်ထားသောခွက်အတွင်းရှိဆေးကို တို့ယူစေမည်။ အပေါက်ဖောက်ထားသော စာရွက်ကို အသာအယာဖိပြီး ဆေးတို့ထားသောအဝတ်ဖြင့် အပေါက်ဖောက်ထားသောနေရာများကို ရိုက်စေမည်။ ဆေးရောင်တစ်ရောင်ကို အဝတ်စတစ်စသုံးရမည်ကို မှာကြားမည်။
- ● ဆရာပြောသည့်အတိုင်း ကလေးများလုပ်ဆောင်မည်။
- ■ လှည့်လည်ကြည့်ရှုပြီး အခက်အခဲရှိသောကလေးများကို ပံ့ပိုးကူညီမည်။

## နိဂုံး (၅ မိနစ်)

- ■ မိမိတို့၏လက်ရာပစ္စည်းများကို အချင်းချင်းကြည့်ရှုစေပြီး မည်သည့် ပုံစံ၊ မည်သည့်အဆင်ဒီဇိုင်းဖြစ်ကြောင်းထင်မြင်ချက်၊ ခံစားချက်များကို အချင်းချင်းပြောစေမည်။
- ■ ရုပ်ပုံအကြောင်းကို ရှင်းပြချင်သည့်ကလေးအချို့နှင့် လှပသေသပ်စွာပြုလုပ်ထားသည့် ကလေးအချို့ကို အတန်းရှေ့တွင် ပြောစေမည်။
- ● ဖြစ်ပေါ်လာသောပုံကို ကလေးအချင်းချင်းကြည့်ပြီး မည်ကဲ့သို့ ဖန်တီးပြုလုပ်ထားသည်ကို ပြောမည်။

မိုပုံ = ပုံသဏ္ဌာန်တစ်ခုကို အကြိမ်ကြိမ်ကူးယူနိုင်ရန် ပြုလုပ်ထားသောအရာ။

မှတ်ချက်
ပြုလုပ်ပြီးစီးပါကရေဆေးခွက်နှင့် အဝတ်စကို သတ်မှတ်ထားသောနေရာတွင် သိမ်းဆည်းထားစေမည်။

DBE Box-Copyright Protected

# ၃-၁ စက္ကူကိုညှပ်၍ သက်ရှိသက်မဲ့ ရုပ်ပုံများဖန်တီးခြင်း
## စာသင်ချိန် (၂)ချိန်

**သင်ယူမှုဦးတည်ချက်**

စက္ကူရုပ်ပုံများဖြင့် အုပ်စုလိုက်ဖန်တီးတင်ဆက်ပြသတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

A4 စက္ကူတစ်ဝက်(ကလေးတစ်ဦးလျှင်တစ်ရွက်နှုန်း)၊ ရောင်စုံခဲတံ သို့မဟုတ် ဖယောင်းရောင်စုံ၊ ကတ်ကြေး၊ ကြိုတင်ရေးဆွဲဆေးရောင်ခြယ်ထားသည့်ပုံ။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်
## ပထမစာသင်ချိန်

**နိဒါန်း (၅ မိနစ်)**

- ■ ကြိုတင်ရေးဆွဲ ဆေးရောင်ခြယ်ထားသည့် ရုပ်ပုံကို ပြမည်။ ထို့နောက် ထိုရုပ်ပုံကို ကလေးများမြင်သာနိုင်သည့် နေရာမှ ကတ်ကြေးဖြင့်ညှပ်ပြမည်။ ကတ်ကြေးကို အသုံးပြုစဉ်သတိပြုရမည့်အချက်များကို ပြောပြမည်။
- ■ အုပ်စုအလိုက် ဈေးရောင်းတမ်းကစားမည် ဖြစ်ကြောင်း၊ ရောင်းမည့်ပစ္စည်းများကို ပုံများဆွဲ၍ ဆေးရောင်ခြယ်ရမည်ဖြစ်ကြောင်း ရှင်းပြမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- ■ အုပ်စုအလိုက် မည်သည့်ဆိုင်ဖွင့်မည်၊ ဆိုင်၌ မည်သည့်ပစ္စည်းများ ရောင်းမည်ကို ဆွေးနွေးစေမည်။
- ■ အုပ်စုများကို ဆိုင်အမျိုးအစားလိုက် အမည်ပေးမည်။ (ဥပမာ- မုန့်ဆိုင်အုပ်စု၊ စာအုပ်ဆိုင်အုပ်စု၊ ဟင်းသီးဟင်းရွက်ဆိုင်အုပ်စု၊ စက်ဘီးဆိုင်အုပ်စု စသည်ဖြင့်)
- ■ သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို အုပ်စုအလိုက် ခွဲဝေပေးမည်။
- ■ မိမိတို့ဆိုင်အလိုက် ရောင်းချမည့် ပစ္စည်းများ၏ ပုံများရေးဆွဲကာ ဆေးရောင်ခြယ်စေမည်။ အုပ်စုဝင်တစ်ဦးလျှင်(၂)ပုံ သို့မဟုတ် (၃)ပုံခန့် အရွယ်အစားကြီးကြီး ရေးဆွဲစေမည်။
- ● အုပ်စုဝင်များတိုင်ပင်ကာ ဆိုင်အလိုက် ရောင်းချမည့်ပစ္စည်းများကို ရေးဆွဲဆေးရောင်ခြယ်မည်။

**နိဂုံး (၅ မိနစ်)**

- ● ရေးဆွဲပြီးသော ပုံများကို ဆရာထံအပ်နှံမည်။
- ■ အပ်နှံထားသော ပုံများကို ဒုတိယစာသင်ချိန်တွင်ဆက်လက်အသုံးပြုရန် အုပ်စုအလိုက်ခွဲ၍ သိမ်းဆည်းမည်။

**အခန်း(၃) စက္ကူဖြင့် လက်မှုပစ္စည်းများတီထွင်ဖန်တီးခြင်း**

**သင်ခန်းစာ(၁) စက္ကူကိုညှပ်၍ သက်ရှိသက်မဲ့ရုပ်ပုံများဖန်တီးခြင်း**




၂၀

**သတိပြုရမည့်အချက်များ**

- နမူနာပုံညှပ်ရာတွင် ကလေးများမြင်သာစေသော စက္ကူကို အသုံးပြုရမည်။
- ၁ ကလေးများတိုင်ပင်ဆွေးနွေးမည့်အချိန်ကို ၁၀မိနစ်ခန့်ပေးမည်။
- ၂ ကလေးများအုပ်စုအလိုက်ဆွဲမည့်ပုံမှာ အမျိုးအစားအတူတူဖြစ်ရမည်။ (ဥပမာ- စာအုပ်ဆိုင်၊ မုန့်ဆိုင် ၊ သက်ဆိုင်သည့် ပစ္စည်းများ)

**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ ရုပ်ပုံများကို ရေးဆွဲ၍ ညှပ်ခြင်း။

| | |
|---|---|
| A | ရုပ်ပုံများကိုရေးဆွဲ၍ ပုံပေါ်အောင် ညှပ်နိုင်ခြင်း။ |
| B | ရုပ်ပုံများကိုရေးဆွဲ၍ ညှပ်နိုင်ခြင်း။ |
| C | ရုပ်ပုံများကိုရေးဆွဲ၍ မညှပ်နိုင်ခြင်း။ |

DBE Box Copyright Protected




သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ




၂၀

## သတိပြုရမည့်အချက်များ

၃ အရောင်ခြယ်ပြီးမှ ကတ်ကြေးဖြင့်ညှပ်ရမည်။

၄ ရုပ်ပုံများ၏အသေးစိတ်အစိတ်အပိုင်းများကို ညှပ်သည့်အခါ ကတ်ကြေးကို မလှည့်ဘဲ စက္ကူကိုင်ထားသောလက်ကိုလှုပ်ရှားရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ အုပ်စုဝင်များပူးပေါင်းပြီး ပျော်ရွှင်စွာ ဈေးရောင်းတမ်းကစားခြင်း။

| | |
|---|---|
| A | အုပ်စုဝင်အားလုံးပူးပေါင်း၍ ပျော်ရွှင်စွာဈေးရောင်းတမ်းကစားနိုင်ခြင်း။ |
| B | အုပ်စုဝင်အားလုံးပူးပေါင်း၍ ဈေးရောင်းတမ်းကစားနိုင်ခြင်း။ |
| C | အုပ်စုဝင်အချို့သာပူးပေါင်း၍ ဈေးရောင်းတမ်းကစားနိုင်ခြင်း။ |

# သင်ကြားသင်ယူမှုလုပ်ငန်းစဉ်
# ဒုတိယစာသင်ချိန်

### နိဒါန်း (၅ မိနစ်)

■ ပထမစာသင်ချိန်တွင် အုပ်စုအလိုက် အပ်နှံထားသော စာရွက်များနှင့် ကတ်ကြေးကို ပြန်လည်ခွဲဝေပေးမည်။

### သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)

■ ကလေးများအား မိမိတို့ကိုယ်တိုင်ရေးဆွဲထားသောပုံများကို ကတ်ကြေးဖြင့် ညှပ်စေမည်။

● အုပ်စုအလိုက် ပူးပေါင်းဆောင်ရွက်မည်။

■ အုပ်စုအလိုက် ပူးပေါင်းပြုလုပ်ထားသော ပစ္စည်းများကို စားပွဲခုံပေါ်တွင်တင်ထားပြီး ဈေးဆိုင်ဖွင့်စေမည်။

■ အုပ်စုအလိုက် မိမိတို့ပြုလုပ်ထားသော ပစ္စည်းများကို တခြားသော အုပ်စုဝင်များက ဝယ်လိုစိတ်ဖြစ်လာစေရန် ပြောပြမည်။

● ဆရာ၏ညွှန်ကြားမှုအတိုင်း လုပ်ဆောင်ကြမည်။

■ အုပ်စုတစ်စုနှင့် တစ်စု ကလေးအချင်းချင်း မိမိတို့လိုချင်သော ပစ္စည်းများကို မိမိတို့ရှိ ပစ္စည်းများဖြင့် လဲလှယ်ရယူသော နည်းဖြင့် ကစားစေမည်။(အုပ်စုအသီးသီးရှိကလေး(၂)ဦး သို့မဟုတ် (၁)ဦးကို ဆိုင်စောင့်အနေဖြင့်ထားရှိပြီး အခြားသော အုပ်စုဝင်များကို ဈေးဆိုင်များသို့ သွားရောက်လည်ပတ်စေမည်။) အုပ်စုအသီးသီးရှိကလေးတိုင်း ဆိုင်စောင့်တာဝန်ကို တစ်လှည့်စီဆောင်ရွက်ရမည်။ ထို့နောက် အတန်းရှိ အုပ်စုဝင်ဦးရေကို လိုက်၍(၂)ဖွဲ့ သို့မဟုတ် (၃)ဖွဲ့ကိုပူးပေါင်း ကစားစေမည်။

● ဆိုင်စောင့်တာဝန်ယူသည့် ကလေးများက ပြုလုပ်ထားသော ပစ္စည်းများနှင့်ပတ်သက်၍ ရှင်းပြပြီး အခြားသောအုပ်စုများ က ပြုလုပ်ထားသော ပစ္စည်းများနှင့်ပတ်သက်၍ မေးမြန်းခြင်း၊ လိုချင်သောပစ္စည်းရှိပါကလဲလှယ်ခြင်းများပြုလုပ်၍ ကစားမည်။

### နိဂုံး (၅ မိနစ်)

■ မိမိတို့ လဲလှယ်ရယူထားသောပစ္စည်း၏ ကောင်းသော အချက်များကို အချင်းချင်းဖိုးကျူးပြောစေမည်။

● ကောင်းသောအချက်များကို အချင်းချင်းဖိုးကျူးပြောမည်။

DBE Box-Copyright Protected

# ၃-၂ စက္ကူကိုခေါက်ချိုးညီပုံများရေးဆွဲ၍ ညှပ်စေခြင်း
## စာသင်ချိန် (၁)ချိန်

**သင်ယူမှုဦးတည်ချက်**

စက္ကူကိုခေါက်ချိုးညီပုံများရေးဆွဲ၍ ကတ်ကြေးဖြင့် ညှပ်တတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

A4 စက္ကူတစ်ဝက်(ကလေးတစ်ဦးလျှင် တစ်ရွက်နှုန်း)၊ ကတ်ကြေး၊ ကော်၊ သတင်းစာစက္ကူ၊ ပြက္ခဒိန်စက္ကူ၊ ဖြတ်စအရှည်များ၊ တစ်လက်မ လေးလက်မ အရွယ်ခန့် စက္ကူအပိုင်းများ (အမည်နှင့် ရှင်းလင်းချက်ရေးရန်အတွက်)


## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**

- ■ အောက်ပါမေးခွန်းအား မေးမည်။
  ဘယ်ညာခေါက်ချိုးညီတဲ့ဟာတွေက ဘာတွေလဲ (ဥပမာ- စာအုပ်၊ စွယ်တော်ရွက်၊ လိပ်ပြာ)
- ■ စာသင်ခန်းအတွင်းရှိ ဘယ်ညာခေါက်ချိုးညီ(ဘက်ညီ)နိုင်သော အရာဝတ္ထု၏ အလယ်အမှတ်ကိုပြ၍ ဘယ်ညာဘက်ညီသလားဟု မေးမည်။
- ● ပန်းအိုး၊ ဘောဖျက်၊ သင်ပုန်း စသည်ဖြင့်ဖြေဆိုမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- ■ A4 စက္ကူတစ်ဝက်အား ဘယ်ဘက်ညာဘက် ညီညာစွာခေါက်ပြမည်။
- ■ ခေါက်ရာတစ်ခြမ်းတွင်ရုပ်ပုံ၏ တစ်ဝက်ကိုဆွဲပြမည်။(စာရွက်တစ်ရွက်လျှင်(၄)ပုံခန့်ဆွဲပြမည်)
- ■ ရေးဆွဲထားသောရုပ်ပုံများကို ကတ်ကြေးဖြင့်ညှပ်ပြီး ဖြစ်ပေါ်လာသော ပုံသဏ္ဌာန်များကို ဖြန့်၍ ပြမည်။
- ■ အုပ်စုများခွဲ၍ အုပ်စုအလိုက် သင်ထောက်ကူပစ္စည်းများကို ခွဲဝေပေးမည်။
- ● ဆရာ၏ညွှန်ကြားချက်အရ စက္ကူကို ဘယ်ညာခေါက်ချိုးညီစွာ ခေါက်ပြီး ခေါက်ရိုးဘက်တွင် ရုပ်ပုံတစ်ဝက်ကို ရေးဆွဲမည်။
- ● ဆရာနမူနာပြသည့်အတိုင်း မိမိတို့ကြိုက်နှစ်သက်သည့် ပုံ(၃)(၄)ပုံခန့်ဆွဲမည်။ ထို့နောက်ရေးဆွဲထားသောရုပ်ပုံများကို ကတ်ကြေးဖြင့် ညှပ်ယူမည်။




**သတိပြုရမည့်အချက်များ**


- ၁ ခဲတံဖြင့် ထင်ထင်ရှားရှားရေးစေမည်။
- ၁ စက္ကူခေါက်ရာ၏ ဘေးတွင်ကပ်ပြီး ပုံကိုတိတိကျကျဆွဲရမည်။
- ၂ ရေးဆွဲထားသောပုံကို ကတ်ကြေးဖြင့် ညှပ်သည့်အချိန်နှင့် ကတ်ကြေးကို အသုံးပြုချိန်တွင် အန္တရာယ်များသည့်အတွက် ပထမတန်း ဆရာလမ်းညွှန်ပါ ကတ်ကြေးအသုံးပြုပုံ၊ အသုံးပြုနည်းများကို ရှင်းပြနိုင်သည်။
- ၂ ရုပ်ပုံများ၏အသေးစိတ်အစိတ်အပိုင်းများကို ညှပ်သည့်အခါ ကတ်ကြေးကို မလှုပ်ဘဲ စက္ကူကိုင်ထားသောလက်ကိုလှုပ်ရှားရမည်ကို ရှင်းပြမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ ကတ်ကြေးဖြင့်ညှပ်၍ ကော်ဖြင့်ကပ်ခြင်း။

| | |
|---|---|
| A | ကတ်ကြေးဖြင့် ခေါက်ချိုးညီပုံစံကိုညှပ်နိုင်ပြီး သတင်းစာ ကြိုးမျှင်ပေါ်တွင် ညီညာစွာကပ်နိုင်ခြင်း။ |
| B | ကတ်ကြေးဖြင့် ခေါက်ချိုးညီပုံစံကိုညှပ်နိုင်ပြီး သတင်းစာ ကြိုးမျှင်ပေါ်တွင် ကပ်နိုင်ခြင်း။ |
| C | ကတ်ကြေးဖြင့် ခေါက်ချိုးညီပုံစံကို မညှပ်နိုင်ခြင်း။ |

DBE-Box-Copyright Protected




## သတိပြုရမည့်အချက်များ

၃ သတင်းစာကို သေးငယ်သောကြိုးမျှင်ပုံစံဖြစ်အောင်ခေါက်၍ ညှပ်ထားရမည်။

၄ သတင်းစာကြိုးမျှင်ကို ခဲတံအရင်းပိုင်းတွင် ကော်ဖြင့် ကပ်ပြီး ကစားသည့်အချိန်တွင် အန္တရာယ်မဖြစ်စေရန် သတိပြုစေမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ ဖြစ်ပေါ်လာသောပုံများအကြောင်းကို ရှင်းပြခြင်း။

| | |
|---|---|
| A | ဖြစ်ပေါ်လာသောပုံများအကြောင်းကို အသေးစိတ်ရှင်းပြနိုင်ခြင်း။ |
| B | ဖြစ်ပေါ်လာသောပုံများအကြောင်းကို ရှင်းပြနိုင်ခြင်း။ |
| C | ဖြစ်ပေါ်လာသောပုံများအကြောင်းကို မရှင်းပြနိုင်ခြင်း။ |

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

### သင်ခန်းစာဖြစ်စဉ်

■ ကျောင်းသုံးစာအုပ်တွင် ဖော်ပြထားသော သတင်းစာစက္ကူ သို့မဟုတ် ပြက္ခဒိန်စက္ကူကြိုးမျှင်ပေါ်တွင် ညှပ်ယူထားသော ရုပ်ပုံများကိုကော်ဖြင့် ကပ်ရန်ပြောမည်။

● ညှပ်ယူထားသောပုံများကို ဆရာညွှန်ကြားသည့်အတိုင်း ကြိုးမျှင်တွင် ကော်ဖြင့်ကပ်မည်။

■ ဆရာက အမည်နှင့် ရှင်းလင်းချက်ရေးရန်အတွက် စက္ကူ အပိုင်းကလေးများကို ဝေပေးမည်။ ထိုစက္ကူအပိုင်းပေါ်တွင် မိမိအမည်နှင့် ဖြစ်ပေါ်လာသော ပုံများအကြောင်းကို ရေး စေမည်။ ရေးထားသောစက္ကူကို ကြိုးမျှင်ပေါ်တွင် ကော်ဖြင့် ကပ်စေမည်။

■ ကော်ဖြင့် ကပ်ပြီးပါက ထိုကြိုး၏ အစွန်းနှင့် ခဲတံ၏အရင်း ပိုင်းကို ကော်ဖြင့်ထပ်မံကပ်၍ ကစားနိုင်ကြောင်း ပြောမည်။

● ကြိုးမျှင်၏ အစွန်းနှင့် ခဲတံ၏အရင်းပိုင်းကို ကော်ဖြင့်ကပ်၍ ကစားမည်။

### နိဂုံး (၅ မိနစ်)

■ အားလုံး ပြုလုပ်ပြီးပါကအတူထိုင်နေသော ကလေးအချင်း ချင်း မည်သည့်ပုံကို ပြုလုပ်ထားသည်တို့ကို အပြန်အလှန် ပြောစေမည်။

● သူငယ်ချင်း၏ လက်ရာကိုကြည့်၍ ဘယ်ညာ ညီ မညီ အချင်းချင်းစစ်ဆေးကြမည်။ ကောင်းသောအချက်များကို ကလေးအချင်းချင်းချီးကျူးစေမည်။

DBE Box-Copyright Protected

# ၃-၃ စက္ကူကိုခေါက်ချိုး၍ ကစားစရာ ပြုလုပ်ခြင်း
**စာသင်ချိန် (၁)ချိန်**

**သင်ယူမှုဦးတည်ချက်**

စက္ကူကိုခေါက်ချိုးပြီး ကစားစရာများပြုလုပ်တတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

ရောင်စုံစက္ကူ(သို့) A4စက္ကူ(ကလေးတစ်ဦးလျှင်နှစ်ရွက်နှုန်း)၊ ကတ်ကြေး၊ ပြက္ခဒိန်အဟောင်း၊ သတင်းစာစက္ကူ အသင့်ပြုလုပ်ထားသောစက္ကူခွက်နှင့် ပိုက်ဆံအိတ်။


## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**

- ■ အောက်ပါမေးခွန်းများကိုမေး၍ သင်ခန်းစာအား နိဒါန်းပျိုးမည်။
- ■ စက္ကူကိုခေါက်ပြီး အရုပ်လေးတွေ လုပ်ဖူးသလား။ အဲ့ဒီအရုပ်ကလေးတွေနဲ့ ကစားဖူးသလား။
- ● ကစားဖူးသော စက္ကူရုပ်ကလေးများကိုပြောပြမည်။(ငှက်ရုပ်၊ လေယာဉ်ပျံ၊ စသည်ဖြင့်)
- ■ ကလေးများကိုယ်တိုင်စက္ကူခေါက်၍ အရုပ်ကလေးများလုပ်ပြီး ကစားမည်ဖြစ်ကြောင်းပြောပြမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- ■ အုပ်စုများခွဲ၍ အုပ်စုအလိုက်သင်ထောက်ကူပစ္စည်းများကို ခွဲဝေပေးမည်။
- ■ ခေါက်ထားသော ခွက်ကလေးကို ပြသ၍ စက္ကူကိုခေါက်ပြီး ပြုလုပ်ထားကြောင်း ပြောမည်။
- ■ စက္ကူအကြီး (ဥပမာ- ပြက္ခဒိန်၊ သတင်းစာစက္ကူ ) တစ်ခုကိုယူ၍ အနားလေးဖက်ညီစေရန် စက္ကူထောင့်စွန်းမှထောင့်ဖြတ်ခေါက်ပြီး ပိုနေသောအပိုင်းကို ကတ်ကြေးဖြင့်ညှပ်ထုတ်ပြမည်။
- ● စက္ကူ(၂)ရွက်ကိုအနားလေးဖက်ညီဖြစ်အောင်ညှပ်ထုတ်မည်။
- ■ ကျောင်းသုံးစာအုပ်ပါ နမူနာအတိုင်း ခွက်ခေါက်ပုံခေါက်နည်းကို ကလေးများမြင်သာသည့်နေရာမှ စက္ကူကြီးကြီး (ပြက္ခဒိန်၊ သတင်းစာ)ဖြင့် တစ်ဆင့်ပြီး တစ်ဆင့်ခေါက်ပြမည်။
- ■ တစ်ဆင့်ခေါက်ပြီးတိုင်း ကလေးများလုပ်ဆောင်နေသည်ကိုကြည့်၍ လိုအပ်ပါက ပံ့ပိုးကူညီမည်။
- ■ ကလေးများအားလုံး လုပ်ဆောင်နိုင်ပါမှ နောက်တစ်ဆင့်ခေါက်နည်းကို သင်ပြပေးမည်။
- ● ဆရာလမ်းညွှန်သည့်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့်ပြုလုပ်မည်။ မလုပ်တတ်ပါက ဆရာအားမေးမည်။
- ■ ရရှိလာသော ခွက်ကလေးများကို ခုံပေါ်တွင် သိမ်းဆည်းထားစေရန် ပြောကြားမည်။


**အခန်း(၃) စက္ကူဖြင့် လက်မှုပစ္စည်းများတီထွင်ဖန်တီးခြင်း**

**သင်ခန်းစာ(၃) စက္ကူကိုခေါက်ချိုး၍ ကစားစရာပြုလုပ်ခြင်း**

ပြုလုပ်ပုံအဆင့်ဆင့်

၁။ A4 စက္ကူကို ပုံပါအတိုင်း ခေါက်ပါ။

၂။ ပိုနေသောအပိုင်းကို ဖြတ်ပါ။

ပြုလုပ်ပုံအဆင့်ဆင့်

၁။ ထောင့်စွန်းနှစ်ဖက်ကို ညီအောင် ခေါက်ပါ။

၂။ စာရွက်ကို ခေါက်ရန် နေရာမှတ်ပါ။

၃။ ပုံပါအတိုင်း အခြားတစ်ဖက်မှအစွန်းကိုခေါက်ပါ။

၄။ ကျန်တစ်ဖက်ကိုလည်း ပြန်၍ ခေါက်ပါ။

၅။ အပေါ်စွန်းကို တစ်ဖက်တစ်ချက်စီခေါက်ပါ။

၆။ ကစားစရာခွက်ပုံလေးကို ရရှိမည်။



၂၄

**သတိပြုရမည့်အချက်များ**


၁ စက္ကူကို ညှပ်ရာတွင်စနစ်ကျ၍ အန္တရာယ်ကင်းအောင်သတိထားရမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ စက္ကူကိုမှန်ကန်စွာခေါက်ပြီး ခွက်နှင့် အိတ်ပြုလုပ်ခြင်း။

| | |
|---|---|
| A | စက္ကူကိုခေါက်၍ နှစ်မျိုးစလုံးကို ပြုလုပ်နိုင်ခြင်း။ |
| B | စက္ကူကိုခေါက်၍ တစ်မျိုးကိုသာ ပြုလုပ်နိုင်ခြင်း။ |
| C | စက္ကူကိုခေါက်၍ ပုံသဏ္ဌာန်မပြုလုပ်နိုင်ခြင်း။ |

DBE Box-Copyright Protected




## သတိပြုရမည့်အချက်များ

**၂** စက္ကူကိုခေါက်ရာတွင်ခေါက်ရာအတိုင်းလက်ဖြင့်သေသေချာချာဖိခေါက်ရမည်။

**၃** အမျိုးအစားတစ်ခုစီကို ကလေးများအားလုံး တစ်ဆင့်ပြီး တစ်ဆင့် ခေါက်စေမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ ပြုလုပ်ထားသောလက်ရာများကို မည်ကဲ့သို့ အသုံးပြုမည်ဖြစ်ကြောင်း ရှင်းပြခြင်း။

| | |
|---|---|
| A | ပြုလုပ်ထားသော ကစားစရာနှင့်ပတ်သက်၍ မည်ကဲ့သို့ အသုံးပြုမည်ကို အသေးစိတ်ရှင်းပြနိုင်ခြင်း။ |
| B | ပြုလုပ်ထားသော ကစားစရာနှင့်ပတ်သက်၍ မည်ကဲ့သို့ အသုံးပြုမည်ကို ရှင်းပြနိုင်ခြင်း။ |
| C | ပြုလုပ်ထားသော ကစားစရာနှင့်ပတ်သက်၍ မည်ကဲ့သို့ အသုံးပြုမည်ကို မရှင်းပြနိုင်ခြင်း။ |

# သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**သင်ခန်းစာဖြစ်စဉ်**

- ■ မိမိကြိုတင်ပြုလုပ်ထားသည့်စက္ကူပိုက်ဆံအိတ်ကလေးကို ပြသပြီး ကလေးများအား စက္ကူကို ခေါက်ပြီးပြုလုပ်သည်ကို ပြောပြမည်။
- ■ စက္ကူပိုက်ဆံအိတ်၏ ခေါက်ပုံခေါက်နည်းကို နမူနာအတိုင်း တစ်ဆင့်ချင်း ခေါက်ပြပြီး ဆရာနှင့်အတူ တစ်ဆင့်ပြီးတစ်ဆင့် ပြုလုပ်မည်။
- ■ တစ်ဆင့်ခေါက်ပြီးတိုင်းကလေးများ လုပ်ဆောင်နေသည်ကို ကြည့်၍ ကလေးများအားလုံး လုပ်ဆောင်နိုင်မှ နောက်တစ်ဆင့်ခေါက်နည်းကို သင်ပြပေးမည်။
- ● မိမိတွင်ရှိသော စက္ကူတစ်ရွက်ကိုသုံးပြီး ဆရာနှင့်အတူ စက္ကူပိုက်ဆံအိတ်ကလေးပြုလုပ်ကြမည်။
- ■ စက္ကူဖြင့် ပြုလုပ်ပါက ခွက်ကလေးနှင့် ပိုက်ဆံအိတ်ကလေးများကို ဖယောင်းရောင်စုံတို့ဖြင့် ဆေးရောင်ခြယ်စေမည်။
- ■ ပြုလုပ်ပြီးသောခွက်နှင့် ပိုက်ဆံအိတ်ပေါ်တွင် မည်ကဲ့သို့ အသုံးပြုမည်ကို ရေးသားစေမည်။
- ■ ကလေးများပြုလုပ်ပြီးပါက မိမိတို့ပြုလုပ်ထားသော ခွက်ကလေးနှင့် ပိုက်ဆံအိတ်ကလေးများကို ကိုင်ပြီးပြသစေမည်။

**နိဂုံး (၅ မိနစ်)**

- ■ မိမိပြုလုပ်ထားသော ခွက်ကလေးနှင့် ပိုက်ဆံအိတ်ကိုပြသကာ မည်ကဲ့သို့အသုံးပြုမည်ကို အချင်းချင်းပြောပြစေမည်။
- ● မိမိပြုလုပ်ထားသော ပစ္စည်းများကို တစ်ဦးနှင့်တစ်ဦးအချင်းချင်းပြသကာ အသုံးပြုပုံကို ပြောကြားမည်။
- ■ ခွက်ကလေးအတွင်းသို့ ပစ္စည်းများထည့်စေမည်။
- ● ပစ္စည်းများကို ခွက်ကလေးနှင့် ပိုက်ဆံအိတ်ကလေးများ အထဲသို့ထည့်၍ ကစားကြမည်။

DBE Box-Copyright Protected

# ၃-၄ စက္ကူအိတ်များပြုလုပ်ခြင်း
## စာသင်ချိန် (၁)ချိန်

### သင်ယူမှုဦးတည်ချက်
စက္ကူအိတ်ပြုလုပ်ပြီး အိတ်ပေါ်တွင် ဒီဇိုင်းအမျိုးမျိုးရေးဆွဲတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ
A4 စက္ကူ (တစ်ဦးလျှင်နှစ်ရွက်နှုန်း)၊ ကတ်ကြေး၊ ကော်၊ ဖယောင်းရောင်စုံ သို့မဟုတ် ရောင်စုံခဲတံ၊ အသင့်ပြုလုပ်ထားသောစက္ကူအိတ်။


## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**

- ■ အောက်ပါမေးခွန်းကို မေးပါမည်။
  ကလေးတို့ဘယ်လိုအိတ်မျိုးတွေကို မြင်ဖူးသလဲ။
- ● တွေ့ဖူးသောအိတ်အမျိုးအစားများကို ပြန်လည်စဉ်းစား၍ ပြောပြမည်။(လွယ်အိတ်၊ ပိုက်ဆံအိတ်၊ ကျောပိုးအိတ် စသည်ဖြင့်)
- ■ စာရွက်ကြီးဖြင့်အသင့်ပြုလုပ်ထားသော စက္ကူအိတ်များကို ပြကာ အောက်ပါမေးခွန်းများကို မေးမည်။ ကလေးတို့ ပြောတဲ့အိတ်တွေက ဘာနဲ့လုပ်ထားတာလဲ။ အိတ်ကလေးတွေကို ကိုယ်တိုင်လုပ်မကြည့်ချင်ဘူးလား။
- ● မေးခွန်းများကို ဖြေကြားမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- ■ အုပ်စုများဖွဲ့ပေးပြီး သင်ထောက်ကူပစ္စည်းများကို အုပ်စုလိုက်ခွဲဝေပေးမည်။
- ■ A4 စက္ကူတစ်ရွက်ကိုသုံး၍ ဆရာနှင့်အတူတကွပြုလုပ်စေမည်။
- ■ စက္ကူအိတ်လုပ်ပုံလုပ်နည်းကို ကျောင်းသုံးစာအုပ်ပါအတိုင်း ရှင်းပြပြီး တစ်ဆင့်ပြီးတစ်ဆင့်ပြုလုပ်ပြမည်။
- ● ဆရာနှင့်အတူ စက္ကူအိတ်ကို တစ်ဆင့်ပြီးတစ်ဆင့် ပြုလုပ်မည်။


အခန်း(၃) စက္ကူဖြင့် လက်မှုပစ္စည်းများတီထွင်ဖန်တီးခြင်း

သင်ခန်းစာ(၄) စက္ကူအိတ်များပြုလုပ်ခြင်း

ပြုလုပ်ပုံအဆင့်ဆင့်

၁။ ပေတံအကျယ်အတိုင်း သုံးကြိမ်ဆွဲပါ။

၂။ ဆွဲထားသော မျဉ်းအတိုင်း ကတ်ကြေးဖြင့် ညှပ်ယူပါ။

၃။ ညှပ်၍ကျန်သောအပိုင်းကို ထက်ဝက်ခေါက်ပါ။

၄။ ကိုယ်ထည်နှင့် ကြိုးနှစ်ဖက်ကို ကော်ဖြင့် ကပ်ပါ။

၅။ ကျန်ရှိသော ကြိုးတစ်ဖက်ကို ဆက်၍ကော်ဖြင့်ကပ်ပါ။



၂၆

### သတိပြုရမည့်အချက်များ

❶ ရုပ်ပုံများ၏ အသေးစိတ်အစိတ်အပိုင်းများကို ညှပ်သည့်အခါ ကတ်ကြေးကို မလှည့်ဘဲ စက္ကူကိုင်ထားသော လက်ကိုလှုပ်ရှားရမည်ကို ရှင်းပြမည်။

❷ ကော်ကို သေသေချာချာကပ်ရမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

၁။ စက္ကူအိတ်ပြုလုပ်ခြင်း။

| | |
|---|---|
| A | အိတ်ပုံစံပေါ်လွင်အောင်သန့်ရှင်းသပ်ရပ်စွာ ပြုလုပ်နိုင်ခြင်း။ |
| B | အိတ်ပုံစံပေါ်လွင်အောင် ပြုလုပ်နိုင်ခြင်း။ |
| C | အိတ်ပုံစံပေါ်လွင်အောင် မပြုလုပ်နိုင်ခြင်း။ |

DBE Box-Copyright Protected




## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

### သင်ခန်းစာဖြစ်စဉ်

- ■ ဆရာနှင့်အတူပြုလုပ်ပြီးပါက ကလေးများကိုယ်တိုင် နောက်တစ်ကြိမ်ပြုလုပ်စေမည်။
- ● ဆရာ၏ လမ်းညွှန်မှုမပါဝင်ဘဲ ကိုယ်တိုင်ပြုလုပ်ကြမည်။
- ■ ကလေးများပြုလုပ်နေစဉ် ဆရာက ပြုလုပ်ပုံပြုလုပ်နည်းကို တစ်ဆင့်ပြီးတစ်ဆင့် ဖြည်းဖြည်းမှန်မှန် ထပ်မံ၍ ပြောပြမည်။
- ■ အိတ်ဖြစ်လာပါက ထိုအိတ်ပေါ်တွင် မိမိတို့ကြိုက်နှစ်သက်သည့် ပုံသဏ္ဍာန်၊ အဆင်ဒီဇိုင်းများကို ဖယောင်းရောင်စုံဖြင့် ရေးဆွဲစေမည်။
- ■ ပြုလုပ်ထားသော အိတ်ပေါ်တွင် ရေးဆွဲထားသည့် ဒီဇိုင်းနှင့် ပတ်သက်သောအကြောင်းကို ရေးစေမည်။
- ● ပြုလုပ်ထားသော အိတ်ပေါ်တွင် ဒီဇိုင်းများရေးဆွဲကြမည်။

### နိဂုံး (၅ မိနစ်)

- ■ အားလုံး ပြုလုပ်ပြီးပါက မိမိတို့ပြုလုပ်ထားသော စက္ကူအိတ်များကို အတူထိုင်နေသူ အချင်းချင်းပြသ၍ အမြင်များကို ပြောကြားစေမည်။ ကောင်းသောအချက်များကို ကလေးအချင်းချင်း ချီးကျူးစေမည်။
- ● တစ်ဦးနှင့် တစ်ဦးအိတ်ပုံစံ၊ အဆင်ဒီဇိုင်းနှင့် မည်သည့်နေရာတွင် အသုံးပြုမည်ကို အပြန်အလှန်ပြောကြမည်။ (အိတ်ကလေးလွယ်ပြီး ကျောင်းသို့သွားမည်စသည်ဖြင့်။)
- ■ မိမိပြုလုပ်ထားသော စက္ကူအိတ်အကြောင်းအား ပြောကြားလိုသည့် ကလေးအချို့အား ခေါ်၍ အတန်းရှေ့တွင် ပြောကြားခွင့်ပြုမည်။

မှတ်ချက်

အချင်းချင်းအပြန်အလှန်ပြသပြီးနောက် အမှိုက်စများကို စနစ်တကျသိမ်းဆည်း၍ စွန့်ပစ်ရန် သတိပေးပါ။

### စစ်ဆေးအကဲဖြတ်ခြင်း

၂။ ဒီဇိုင်းပါသော စက္ကူအိတ်များကို ပြုလုပ်၍ ရှင်းပြခြင်း။

| | |
|---|---|
| A | စက္ကူအိတ်၏ ဒီဇိုင်းအကြောင်းကို အသေးစိတ်ရှင်းပြနိုင်ခြင်း။ |
| B | စက္ကူအိတ်၏ ဒီဇိုင်းအကြောင်းကို ရှင်းပြနိုင်ခြင်း။ |
| C | စက္ကူအိတ်၏ ဒီဇိုင်းအကြောင်းကို မရှင်းပြနိုင်ခြင်း။ |

DBE Box-Copyright Protected

# ၃-၅ စက္ကူကို ပန်းနှင့်ပန်းအိုးပြုလုပ်ခြင်း
## စာသင်ချိန် (၂)ချိန်

**သင်ယူမှုဦးတည်ချက်**

စက္ကူဖြင့် ပန်းနှင့်ပန်းအိုးပြုလုပ်တတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

A4 စက္ကူတစ်ဝက်နှင့် တစ်ဝက်၏ လေးပုံတစ်ပုံ(ကလေးတစ်ဦးလျှင်)၊ သတင်းစာစက္ကူ၊ ကတ်ကြေး၊ ကော်၊ ဖယောင်းရောင်စုံ သို့မဟုတ် ရောင်စုံခဲတံ၊ ကြိုတင်ပြုလုပ်ထားသောစက္ကူပန်းနှင့် ပန်းအိုး။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်
## ပထမစာသင်ချိန်

**နိဒါန်း (၅ မိနစ်)**

- ■ အောက်ပါ မေးခွန်းများကို မေးမည်။
- ■ ဘာပုံနဲ့ တူသလဲ။ ဘယ်လိုလုပ်ထားတယ်လို့ ထင်သလဲ။ ကိုယ်တိုင်လုပ်ကြည့်ချင်သလား။
- ● မေးခွန်းများကို ဖြေဆိုကြမည်။
- ■ ဒီနေ့ကလေးတို့ကိုယ်တိုင် ပန်းနှင့် ပန်းအိုးပြုလုပ်ရမည်ဖြစ်ကြောင်း ပြောမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- ■ အုပ်စုများဖွဲ့ပေးပြီး A4 စက္ကူတစ်ဝက်၊ ကတ်ကြေးနှင့် ကော်တို့ကို အုပ်စုအလိုက်ခွဲဝေပေးမည်။
- ● အုပ်စုကိုယ်စားလှယ်က လိုအပ်သောပစ္စည်းများကို ဆရာ့ထံလာယူမည်။
- ■ A4 စက္ကူတစ်ဝက်တွင် ကျောင်းသုံးစာအုပ်၏ ပုံ (၁)ပါအတိုင်းစာရွက်၏ အစွန်းနှစ်ဖက် (အပေါ် အောက်)ကို ပေတံ(၁) ပြားစာစီ မှတ်၍ ပုံပါအတိုင်း ထောင့်ဖြတ်မျဉ်းကိုဆွဲမည်။ ထောင့်ဖြတ်မျဉ်း ဆွဲခြင်းကို ဆရာနှင့်အတူ ပြုလုပ်စေမည်။
- ■ ထို့နောက် ကျောင်းသုံးစာအုပ်၏ ပုံ(၁)ပါအတိုင်း မျဉ်းကြောင်းများကို ရေးဆွဲပြမည်။ ရေးဆွဲရာ၌ တစ်ကြောင်းနှင့် တစ်ကြောင်းအကွာအဝေးကို လက်ညှိုးတစ်လုံးစာထားရမည်။
- ■ လက်ညှိုးတစ်လုံးစာ အကွာအဝေးဖြင့် ဆွဲထားသောမျဉ်းများကို ကတ်ကြေးဖြင့် ညှပ်ပြပြီး လိုက်လုပ်စေမည်။
- ■ ညှပ်ထားသော စက္ကူများကို ခဲတံ အကူအညီဖြင့် လိပ်၍ပွင့်ဖတ်များ ပြုလုပ်ပါ။ လိပ်ထားသော စက္ကူ၏ ကျောဘက်ကို ပုံ (၄)ပါ အတိုင်းလိပ်ပါ။ ကျန်ရှိနေသော စက္ကူအနားကို ပုံ(၅)ပါ အတိုင်းကော်ကပ်၍ အနားသတ်ပါ။

**နိဂုံး (၅ မိနစ်)**

- ■ ပန်းပင်အရင်းတွင် ကျောင်းသားအမည်ရေး၍ ဆရာ့ထံ အပ်နှံစေမည်။
- ■ ဒုတိယ စာသင်ချိန်အတွက် A4 စက္ကူတစ်ဝက်၏ လေးပုံ တစ်ပုံကိုကျောင်းသားအရေအတွက်အလိုက် ညှပ်ထားမည်။


အခန်း(၃) စက္ကူဖြင့် လက်မှုပစ္စည်းများတီထွင်ဖန်တီးခြင်း

သင်ခန်းစာ(၅) စက္ကူကို ပန်းနှင့်ပန်းအိုးပြုလုပ်ခြင်း



၂၈

## သတိပြုရမည့်အချက်များ

၁ ရောင်စုံစက္ကူနှင့် A4 စက္ကူမရှိပါက ဗလာစာရွက်ကိုသုံး၍လည်း ရသည်။

၂ ပန်းပွင့်၏ပွင့်ဖတ်ပုံစံများကို ခဲတံဖြင့် သေသေချာချာရေးခြစ်ခြင်း။

## စစ်ဆေးအကဲဖြတ်ခြင်း

၁။ စက္ကူဖြင့် ပန်းနှင့်ပန်းအိုးကို ပြုလုပ်ခြင်း။

| | |
|---|---|
| A | စက္ကူဖြင့်ပန်း နှင့်ပန်းအိုးကို သေသပ်လှပစွာ ပြုလုပ်နိုင်ခြင်း။ |
| B | စက္ကူဖြင့်ပန်းနှင့် ပန်းအိုးကို ပြုလုပ်နိုင်ခြင်း။ |
| C | စက္ကူဖြင့်ပန်းနှင့် ပန်းအိုးကို မပြုလုပ်နိုင်ခြင်း။ |

DBE Box Copyright Protected




## သတိပြုရမည့်အချက်များ

**၃** ပန်းအိုးဒီဇိုင်းရေးပြီး အလယ်တွင် ကျောင်းသားအမည်ရေးစေမည်။

**၄** ပန်းပွင့်ကို တည့်မတ်စွာ စိုက်ထားနိုင်ရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ ပန်းအိုးတွင် ရုပ်ပုံများကိုရေးဆွဲခြင်း။

| | |
|---|---|
| A | ပန်းအိုးတွင် အသေးစိတ်ရုပ်ပုံများကိုရေးဆွဲနိုင်ခြင်း။ |
| B | ပန်းအိုးတွင် ရုပ်ပုံများရေးဆွဲနိုင်ခြင်း။ |
| C | ပန်းအိုးတွင် ရုပ်ပုံများမရေးဆွဲနိုင်ခြင်း။ |

# သင်ကြားသင်ယူမှုလုပ်ငန်းစဉ်
# ဒုတိယစာသင်ချိန်

## နိဒါန်း (၅ မိနစ်)

■ ပထမအချိန်ကအတိုင်း ပစ္စည်းဝေပေးမည်။ ပန်းအိုးလုပ်ရန်အတွက်ညှပ်ထားသော A4 စက္ကူနှင့် ပြင်ဆင်ရန်ပစ္စည်းများကို အဖွဲ့ခေါင်းဆောင်က ဆရာထံမှလာယူစေမည်။

## သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)

■ ပန်းအိုးမပြုလုပ်မီ စက္ကူ၏ အောက်ခြေအလယ်တွင် မိမိအမည်ကိုရေးစေမည်။

■ ကလေးများအားမိမိတို့ နှစ်သက်သောပုံသဏ္ဌာန်နှင့်အဆင်တို့ကို ပန်းအိုးပြုလုပ်မည့်စာရွက်ပေါ်တွင် လွတ်လပ်စွာရေးဆွဲအရောင်ခြယ်စေမည်။

■ ရေးဆွဲပြီးသောစက္ကူ၏ အနားစွန်းနှစ်ဖက်ကို ကော်ဖြင့်ကပ်၍ ဆက်စေမည်။

■ သတင်းစာစက္ကူတစ်ဝက်ကို အလျားလိုက် အဝိုင်းပုံစံလိပ်ရမည်။ ကလေးများအားအတူတကွ လိုက်လံလုပ်ဆောင်စေမည်။

■ ပန်းအိုးအတွင်း ပန်းပင်ထည့်ရာတွင် ငြိမ်သက်စေရန် ရစ်ပတ်ထားသောသတင်းစာစက္ကူကို ထည့်သွင်းရမည်။

■ ပထမအချိန်တွင် ပြုလုပ်ထားသော ပန်းပင်ကလေးကို ပန်းအိုးအတွင်း စိုက်ထည့်စေမည်။

● ဆရာနှင့်အတူ တစ်ဆင့်ပြီးတစ်ဆင့် လိုက်ပါဆောင်ရွက်မည်။

■ အားလုံးပြီးဆုံးပါက အုပ်စုဝင်အချင်းချင်း ပန်းအိုးကို အလှဆင်ခြင်းများပြုလုပ်စေမည်။ (ဥပမာ- အသဲပုံ၊ အဝိုင်းပုံ)

● ဖြစ်ပေါ်လာသောပုံကို အုပ်စုအချင်းချင်း အပြန်အလှန်ပြခြင်း၊ လက်ရာကို ရှင်းပြခြင်း၊ ချီးကျူးခြင်းများပြုလုပ်မည်။

## နိဂုံး (၅ မိနစ်)

■ ပန်းအမည်နှင့် ပန်းကို တွေ့ရှိနိုင်သည့်နေရာကို ပြောဆိုစေမည်။

● ပန်းအမည်နှင့် ပန်းကို တွေ့ရှိနိုင်သည့်နေရာကို ပြောမည်။

DBE Box-Copyright Protected

# ၃–၆ စက္ကူမျက်နှာဖုံးများပြုလုပ်ခြင်း
## စာသင်ချိန် (၁)ချိန်

**သင်ယူမှုဦးတည်ချက်**

နှုတ်သီးလှုပ်ရှားမှုရှိသော သက်ရှိသတ္တဝါတို့၏ မျက်နှာဖုံးပုံများကို တီထွင်ဖန်တီးတတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

A4 စက္ကူတစ်ဝက်(ကလေးတစ်ဦးလျှင်(၂)ရွက်နှုန်း)၊ ရောင်စုံခဲတံ သို့မဟုတ် ဖယောင်းရောင်စုံ၊ ကတ်ကြေး၊ ပြုလုပ်ထားသော စက္ကူမျက်နှာဖုံး။


## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**

- ■ ကြိုတင်ပြုလုပ်ထားသောမျက်နှာဖုံးကို အသုံးပြုကာ ကလေးများကို နှုတ်ဆက်ပြီး မေးခွန်းကို မေးမည်။ ဒီမျက်နှာဖုံးလေးက ဘာကောင်ကလေးနဲ့ တူသလဲ။
- ● ခန့်မှန်းဖြေဆိုမည်။
- ■ သက်ရှိသတ္တဝါတို့၏ မျက်နှာဖုံးကလေးများကို ဆရာနှင့်အတူ တူပြုလုပ်မည်ဖြစ်ကြောင်း ရှင်းပြမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- ■ အုပ်စုများခွဲ၍ အုပ်စုအလိုက် သင်ထောက်ကူပစ္စည်းများကို ခွဲဝေပေးမည်။
- ■ မျက်နှာဖုံးကို ဆရာနှင့်အတူ အောက်ပါအတိုင်း တစ်ဆင့်ပြီးတစ်ဆင့် လိုက်ပါဆောင်ရွက်ရမည်ဖြစ်ကြောင်း ရှင်းပြမည်။
- ■ A4 စက္ကူ တစ်ဝက်မှာ ဆရာနှင့်အတူ လေ့ကျင့်ရန် ဖြစ်ပြီး ကျန်တစ်ဝက်မှာ မိမိကိုယ်တိုင် ပြုလုပ်ရမည် ဖြစ်ကြောင်း ရှင်းပြမည်။
- ■ ကျောင်းသုံးစာအုပ်၏ ပုံပါအတိုင်း A4 စက္ကူ တစ်ဝက်ကို ခေါက်စေမည်။
- ■ ပုံပါအတိုင်း အမြင့်(၁)လက်မမှတ်ပြီး မျဉ်းဆွဲစေမည်။ ထိုမျဉ်း၏ ဘယ်ညာအကွာအဝေး (၁)လက်မစီတွင် အမှတ်မှတ်စေမည်။
- ■ အလယ်မျဉ်း အမှတ်အသားကို ကတ်ကြေးဖြင့် ညှပ်စေမည်။
- ■ ပုံ (၄)ပါအတိုင်း ရှေ့ဘက်နှင့်နောက်ဘက်ကို လက်ဖြင့် သေချာစွာဖိ၍ ခေါက်စေမည်။
- ■ မျက်နှာဖုံးစာရွက်ကို ပြန်ဖွင့်ပြီး စက္ကူပေါက်နေရာကို လက်ဖြင့် ခွဲ့စေမည်။
- ■ စက္ကူကို ကွေးဆန့်ပြုလုပ်ပြီး စက္ကူပေါက် လှုပ်ရှားမှုကို ပြုလုပ်စေမည်။
- ● ဆရာ၏ ညွှန်ကြားချက်အတိုင်း တစ်ဆင့်ချင်း လိုက်လံလုပ်ဆောင်ကြမည်။



အခန်း(၃) စက္ကူဖြင့် လက်မှုပစ္စည်းများတီထွင်ဖန်တီးခြင်း

သင်ခန်းစာ(၆) စက္ကူမျက်နှာဖုံးများပြုလုပ်ခြင်း



ပြုလုပ်ပုံအဆင့်ဆင့်

၁။ A4 ၏ တစ်ဝက်ကို ပုံပါအတိုင်းခေါက်ပါ။

၄။ ပုံပါအတိုင်းခေါက်ပါ။

၂။ ပုံပါအတိုင်း အမြင့် ၁လက်မနှင့် ဘယ်ညာ၁လက်မစီမှတ်ပါ။

၅။ မျက်နှာဖုံးစာရွက်ကို ပြန်ဖွင့်ပြီး စက္ကူပေါက်နေရာကို လက်ညှိုးဖြင့်ခွဲ့ပါ။

၃။ အလယ်မျဉ်းအမှတ်အသားကို ညှပ်ပါ။

၆။ စက္ကူကို ကွေးဆန့်ပြုလုပ်ပြီး ပါးစပ်ပေါက်ကို လေ့လာပါ။

၃၀

**သတိပြုရမည့်အချက်များ**

- ၁ နှုတ်သီးပေါက်ပြုလုပ်ရန် အမှတ်အသားပြထားသည့်နေရာကိုသာ ကတ်ကြေးဖြင့်ညှပ်ရန် မကြာခဏသတိပေးပါ။
- ၁ နှုတ်သီးပေါက်ပြုလုပ်ရန် အမှတ်အသားပြုလုပ်သည့်အခါ အလယ်မှ အနည်းငယ်အောက်သို့ လျှော့ချ၍ မှတ်သားရမည်ကို သတိပေးပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ လှုပ်ရှားနိုင်သော ပါးစပ်ပေါက်ပါသည့် မျက်နှာဖုံးကို ပြုလုပ်ခြင်း။

| | |
|---|---|
| A | ပီပီသသလှုပ်ရှားသောပါးစပ်ပေါက်ပါသည့် မျက်နှာဖုံးကို ပြုလုပ်နိုင်ခြင်း။ |
| B | အနည်းငယ်လှုပ်ရှားသောပါးစပ်ပေါက်ပါသည့် မျက်နှာဖုံးကို ပြုလုပ်နိုင်ခြင်း။ |
| C | လှုပ်ရှားသောပါးစပ်ပေါက်ပါသည့်မျက်နှာဖုံးကို မပြုလုပ်နိုင်ခြင်း။ |

DBE Box-Copyright Protected




သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ




၃၁

## သတိပြုရမည့်အချက်များ

J စိတ်ဝင်စားဖွယ်ရာ သက်ရှိသတ္တဝါတို့၏ မျက်နှာဖုံးကို စဉ်းစားပြီး လွတ်လပ်စွာပြုလုပ်စေမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ မျက်နှာဖုံးများဖြင့် ကစားခြင်း။

| | |
|---|---|
| A | မျက်နှာဖုံးသတ္တဝါ၏ အသံကိုပါးစပ်လှုပ်ရှားမှုဖြင့် အတုယူ၍ ပြောနိုင်ခြင်း။ |
| B | မျက်နှာဖုံးသတ္တဝါ၏အသံကို အတုယူ၍ပြောနိုင်ခြင်း။ |
| C | မျက်နှာဖုံးသတ္တဝါ၏အသံကို အတုယူ၍မပြောနိုင်ခြင်း။ |

# သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

## သင်ခန်းစာဖြစ်စဉ်

■ ပြုလုပ်ပြီးသော မျက်နှာဖုံးတွင် မိမိနှစ်သက်ရာ သက်ရှိသတ္တဝါတို့၏ မျက်နှာပုံကို ရေးစေမည်။

● မိမိတို့ ရေးဆွဲချင်သည့် သက်ရှိသတ္တဝါတို့၏ မျက်နှာဖုံးကို လွတ်လပ်စွာ ရေးဆွဲမည်။

■ ပြုလုပ်ပုံ၊ ပြုလုပ်နည်းကို နားမလည်သော ကလေးများအား ထပ်မံ၍ ရှင်းပြမည်။

## နိဂုံး (၅ မိနစ်)

■ ရေးဆွဲပြီးသော ပါးစပ်လှုပ်ရှားမှုပါသည့် မျက်နှာဖုံးနှင့် လိုက်ဖက်သော နှုတ်ဆက်စကားကို ပြောစေပြီး မည်သည့် သက်ရှိသတ္တဝါ ဖြစ်သည်ကို အချင်းချင်း ခန့်မှန်းစေမည်။

● စိတ်ကူးပုံဖော်ထားသော သက်ရှိသတ္တဝါအဖြစ် သူငယ်ချင်းများနှင့် စကားပြောမည်။ ( ကြက်ပေါက်ကလေးမျက်နှာဖုံး ဆိုပါက မင်္ဂလာပါ။ ကျွလိ ကျွလိ၊ ထမင်းစားပြီးပြီလား။)

DBE Box-Copyright Protected

# ၃-၇ စက္ကူလေရဟတ်ပြုလုပ်ခြင်း
## စာသင်ချိန် (၁)ချိန်

**သင်ယူမှုဦးတည်ချက်**

စက္ကူလေရဟတ်ပြုလုပ်တတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

ကတ်ထူစက္ကူ၊ ကတ်ကြေး၊ အအေးပိုက်၊ ရောင်စုံခဲတံ၊ ချုပ်စက်။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**

■ ဆရာက အောက်ပါမေးခွန်းများကို မေးမည်။
ရဟတ်ယာဉ်ကို မြင်ဖူးသလား။ ဘာကြောင့်ကောင်းကင်မှာ ပျံနိုင်တယ် ထင်သလဲ။

● မေးခွန်းများကို လွတ်လပ်စွာဖြေဆိုမည်။

■ ဒီနေ့သင်ခန်းစာက ကစားစရာစက္ကူလေရဟတ်ပြုလုပ်မည် ဖြစ်ကြောင်းရှင်းပြမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

■ အုပ်စုများဖွဲ့ပေးပြီး လေ့ကျင့်ခန်းစာအုပ် အဖုံးများကို အလျား (၆) လက်မ အနံ (၁) လက်မဖြင့် ညှပ်ထားသော ကတ်ထူစက္ကူများကို ကျန်အသုံးပြုရမည့် သင်ထောက်ကူပစ္စည်းများနှင့်အတူ အုပ်စုအလိုက်ခွဲပေးမည်။
ဆရာက အသင့်ပြုလုပ်ထားသော နမူနာစက္ကူလေရဟတ်ကို လက်တွေ့လွှတ်ပြမည်။

■ စက္ကူလေရဟတ်ကို ကျောင်းသုံးစာအုပ်ပါ အောက်ပါအဆင့်များအရ ကလေးများနှင့်အတူ ဆောင်ရွက်မည်။

■ ပေးထားသောကတ်ထူစက္ကူအား ထက်ဝက်ခေါက်ချိုးချိုးပါစေ။

■ ခေါက်ရိုးဘက်မှ တစ်လက်မအကွာတွင်မျဉ်းတစ်ကြောင်း ဆွဲပါ။ ထို့နောက်လက်မဝက်အကွာတွင် ပုံပါအတိုင်းမျဉ်း တစ်ကြောင်းဆွဲပါ။ ထိုမျဉ်းနှစ်ကြောင်းကို N ပုံစံဖြစ်အောင် ထောင့်ဖြတ်မျဉ်းဆွဲပါ။ အခြားတစ်ဖက်တွင်လည်း ပုံ (၃) ပါအတိုင်း N ဖြစ်အောင်မျဉ်းကြောင်းများရေးဆွဲပါ။

■ ပုံပါအတိုင်းထောင့်စွန်းကိုညှပ်ပြီး တောင်ပံထိပ်ဖျားတွင် မိမိတို့ကြိုက်နှစ်သက်သော ပုံသဏ္ဌာန်များကိုရေးဆွဲစေမည်။ ပုံပါအတိုင်း ပိုက်ကိုအမှတ်မှတ်မည်။

■ အမှတ်မှတ်ထားသည့်နေရာအထိ ပိုက်ကိုကတ်ကြေးဖြင့် ခွဲပါ။ ပုံပါအတိုင်း တောင်ပံ၏ အလယ်တွင် ခွဲထားသော ပိုက်ကိုထည့်လိုက်ပါ။ တောင်ပံနှင့်ပိုက်မြဲစေရန် ချုပ်စက်ဖြင့် ချုပ်ပါ။

■ မိမိအုပ်စုရှိသော ချုပ်စက်ကိုတစ်ယောက်ပြီး တစ်ယောက် အလှည့်ကျ ညှပ်စေမည်။
ဖော်ပြပါအဆင့်များအတိုင်းဆရာနှင့်အတူ တစ်ဆင့်ချင်း တစ်ဆင့်ဆောင်ရွက်မည်။


အခန်း(၃) စက္ကူဖြင့် လက်မှုပစ္စည်းများတီထွင်ဖန်တီးခြင်း

သင်ခန်းစာ(၇) စက္ကူလေရဟတ်ပြုလုပ်ခြင်း



၇၂

**သတိပြုရမည့်အချက်များ**

၁ အတောင်၏ အစွန်းနှစ်ဖက်ညီအောင် အလယ်မှ ချိုးရမည်။

၂ အန္တရာယ်မဖြစ်စေရန် အတောင်ပံ၏ ထောင့်စွန်းများကို ကတ်ကြေးဖြင့်ဝိုက်ပြီး ညှပ်ရမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ လေရဟတ်အတောင်ပံကို ပုံစံတကျတပ်ဆင်ခြင်း။

| | |
|---|---|
| A | လေရဟတ်၏အတောင်ပံတွင် ပိုက်ကိုတပ်၍ချုပ်စက်ဖြင့် စနစ်တကျချုပ်နိုင်ခြင်း။ |
| B | လေရဟတ်၏အတောင်ပံတွင် ပိုက်ကိုတပ်ပြီး ချုပ်စက်ဖြင့် ချုပ်နိုင်ခြင်း။ |
| C | လေရဟတ်အတောင်ပံတွင် ပိုက်မတပ်နိုင်ခြင်း။ |

DPE Box-Copyright Protected




## သတိပြုရမည့်အချက်များ

၃ ပိုက်ချောင်းတပ်ခြင်း၊ ချုပ်စက်ဖြင့်ညှပ်ခြင်းများကို အန္တရာယ်မဖြစ်စေရန် ဂရုတစိုက်ပြုလုပ်စေမည်။

၄ ကလေးများ အချင်းချင်း ထိခိုက်မှုမရှိစေရန်နှင့် အန္တရာယ်ကင်းစွာ ကစားနိုင်ရန် စီစဉ်ပေးရမည်။

## စစ်ဆေးအကဲဖြတ်ခြင်း


၂။ စက္ကူလေရဟတ်ကိုကောင်းစွာ လွှတ်တင်ခြင်း။

| | |
|---|---|
| A | လက်ကိုသေသေချာချာလှုပ်ရှားပြီး လေရဟတ်ကို အမြင့်သို့ လွှတ်တင်နိုင်ခြင်း။ |
| B | လက်ကို သေသေချာချာလှုပ်ရှားနိုင်သော်လည်း လေရဟတ်ကို အမြင့်သို့မလွှတ်တင်နိုင်ခြင်း။ |
| C | လက်လှုပ်ရှားမှုကောင်းစွာ မပြုလုပ်နိုင်၍မလွှတ်တင်နိုင်ခြင်း။ |

# သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**သင်ခန်းစာဖြစ်စဉ်**

- ထို့နောက် တောင်ပံကို ဆရာလမ်းညွှန်ရှိ အောက်ပါပုံအတိုင်း ထောင့်ဖြတ်မျဉ်း ချိုးချမည်။ ကျန်တစ်ဖက်ကိုလည်း ပုံစံတူပြုလုပ်မည်။



ထောင့်ဖြတ်မျဉ်းအတိုင်း ချိုးထားသောပုံ

- အားလုံးပြီးဆုံးသောအခါ ဆရာနှင့် ပြိုင်တူလှည့်၍ လေ့ကျင့်စေမည်။ ထိုကဲ့သို့လေ့ကျင့်ရာတွင် ညာဘက်လက်ကို ရှေ့သို့တိုး၍ လွှတ်ရမည်။
- စက္ကူလေရဟတ်လွှတ်တင်ရာတွင် အချင်းချင်းထိခိုက်မှု မဖြစ်စေရန် ပတ်ဝန်းကျင်ကို ကြည့်ပြီး လွှတ်တင်ရမည်။ လေရဟတ် လွှတ်ရာတွင် လက်ကို အပေါ်သို့ မြှင့်တင်၍ လွှတ်ရမည်။
- ● လေရဟတ်ဖြင့် ဆော့ကစားရာတွင် ဆရာသတိပေးထားသည့် အချက်များကို သတိပြု၍ ပျော်ရွှင်စွာကစားကြမည်။

**နိဂုံး (၅ မိနစ်)**

- ကလေးများပြုလုပ်ထားသော လေရဟတ်များကို အပြန်အလှန်ပြစေပြီး အတူတူလွှတ်တင် ကစားစေမည်။
- ● မိမိတို့ ပြုလုပ်ထားသော လေရဟတ်များဖြင့် လွှတ်လပ်ပျော်ရွှင်စွာ ကစားမည်။
- ကောင်းစွာပျံတက်နိုင်သော စက္ကူလေရဟတ်နှင့်ပျံမတက်နိုင်သော စက္ကူလေရဟတ် မည်သည့်နေရာ၌ ခြားနားမှုရှိသည်ကို ကြည့်ရှုလေ့လာစေပြီး ပြောစေမည်။
- ● ကောင်းစွာပျံတက်နိုင်သော စက္ကူလေရဟတ်ဖြင့် နှိုင်းယှဉ်ပြီး မည်သည့်နေရာ၌ ကွာခြားသည်ကို လေ့လာမည်။
- ကောင်းစွာပျံတက်နိုင်သော စက္ကူလေရဟတ်၏ ထူးခြားချက်ကို အချင်းချင်းမေးခွန်းမေးစေပြီး သင်ခန်းစာကိုအနှစ်ချုပ်မည်။

DBE Box-Copyright Protected

# ၄-၁ ပလတ်စတစ်ကြိုးများဖြင့် အလှဆင်ခြင်း

**စာသင်ချိန် (၂)ချိန်**

**သင်ယူမှုဦးတည်ချက်**

အားလုံးအတူတကွပူးပေါင်း၍ ကြိုးများကို ချည်ပြီး အလှဆင်တတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

ပလတ်စတစ်ကြိုး၊ ကတ်ကြေး၊ တိပ်။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

## ပထမစာသင်ချိန်

### နိဒါန်း (၅ မိနစ်)


- ■ အောက်ပါ မေးခွန်းများကို မေးမည်။
  - ကြိုးတွေ မြင်ဖူးသလား။
  - ဘာကြိုးတွေလဲ။
  - အဲ့ဒီကြိုးတွေကို ဘယ်နေရာမှာ သုံးသလဲ။
- ● မေးခွန်းများကို ဖြေဆိုမည်။
- ■ ဒီနေ့ကြိုးတွေကို ချည်ပြီး အလှဆင်တဲ့ သင်ခန်းစာကို သင်မည်ဟု ပြောပါမည်။

### သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)

- ■ အုပ်စုခွဲ၍ အုပ်စုအလိုက် သင်ကြားသင်ယူမှု အထောက်အကူ ပစ္စည်းများကို ဝေမည်။
- ■ ဦးစွာ (၄)ပေကြိုးနှင့် (၂)ပေကြိုးကို ပေတံဖြင့် တိုင်းပြီး ဖြတ်ပြမည်။
- ■ ကလေးများအား အလှည့်ကျဖြတ်ရန်နှင့် မည်သူက မည်သည့် ကြိုး အရောင်ကို ဖြတ်မည်ဆိုသည်ကို အုပ်စုလိုက် ဆွေးနွေး ဆုံးဖြတ်ကြမည်။ (ကလေးနှစ်ယောက် အရောင်တူ၍လည်း ရသည်။)
- ● (၄)ပေကြိုးနှင့် (၂)ပေကြိုးကို ပေတံဖြင့် တိုင်းပြီးဖြတ်ကြမည်။ ဖြတ်၍ရရှိလာသော ကြိုးများကို စုပြီး မိမိတို့ အဖွဲ့အမည် ရေး၍ ဆရာ့ထံတွင် အပ်မည်။
- ■ အဖွဲ့အမည်ရေး၍ အပ်သည့်ကြိုးများကို ချည်၍သိမ်းဆည်း မည်။

### နိဂုံး (၅ မိနစ်)

- ■ ကလေးများအပ်ထားသော ကြိုးစများဖြင့် နောက်စာသင်ချိန် တွင် စာသင်ခန်းကို အလှဆင်မည်ဖြစ်ကြောင်းပြောပြပြီး ကျန်နေသော ကြိုးစများကို ပြန်လည်သိမ်းဆည်း၍ သန့်ရှင်း ရေးလုပ်စေမည်။
- ● ဆရာလမ်းညွှန်ချက်အတိုင်း ကြိုးအပိုင်းအစများကိုသိမ်းဆည်း ကြမည်။




**သတိပြုရမည့်အချက်များ**

1. ကြိုးဖြင့် ကလေးများရစ်ပတ်မကစားစေရန် ဆရာက ကြီးကြပ် ပေးရမည်။
2. (၄)ပေကြိုးစအရှည်ကို အဖျားတစ်ဖက်လျှင် တစ်ဦးစီကိုင် စေပြီး ထိုကြိုးအရှည်တွင် (၂)ပေကြိုးအတိုများကို ချည်နှောင် စေမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ ကြိုးစများကိုအကွာအဝေးနှင့် အတိုအရှည်ညီညာစွာချည်ခြင်း။

| | |
|---|---|
| A | ကြိုးတန်းတွင်ကြိုးစများကိုအကွာအဝေးနှင့်အတိုအရှည် ညီညာစွာချည်နိုင်ခြင်း။ |
| B | ကြိုးတန်းတွင်ကြိုးစများကို ချည်နိုင်ခြင်း။ |
| C | ကြိုးတန်းတွင်ကြိုးစများကို မချည်နိုင်ခြင်း။ |

DBE Box-Copyright Protected

၂










၃




သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ



ကတ်ကြေး



တိပ်



ပလတ်စတစ်ကြိုး(ရောင်စုံ)

၃၅

## သတိပြုရမည့်အချက်များ

၃ ပြုလုပ်ပြီးပါကကြိုးတန်းများကို ပြတင်းပေါက်နှင့်နံရံများတွင် ချိတ်ဆွဲ၍ အလှဆင်စေမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ အုပ်စုလိုက်စုပေါင်းကာအလှဆင်ခြင်း။

| | |
|---|---|
| A | အုပ်စုဝင်များစုပေါင်းအလှဆင်ခဲ့ပုံကိုအသေးစိတ်ပြောပြနိုင်ခြင်း။ |
| B | အုပ်စုဝင်များစုပေါင်းအလှဆင်ခဲ့ပုံကိုပြောပြနိုင်ခြင်း။ |
| C | အုပ်စုဝင်များစုပေါင်းအလှဆင်ခဲ့ပုံကိုမပြောပြနိုင်ခြင်း။ |

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်
## ဒုတိယစာသင်ချိန်

**နိဒါန်း (၅ မိနစ်)**

■ ပထမအချိန်တွင် ဆရာထံ အပ်နှံထားသော ကြိုးများကို အုပ်စုခေါင်းဆောင်အား လာယူစေမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

■ ဆရာပြုလုပ်ထားသော(၂)ပေရှည်သည့် ကြိုးစများကို ကလေးနှစ်ဦး၏ အကူအညီဖြင့် (၄)ပေရှည်သော ကြိုးပေါ်တွင်ချည်ပြမည်။

■ ချည်ပြရာတွင် (၂)ပေရှည်သည့် ကြိုးကို ချည်ရမည်ဖြစ်ကြောင်း ပြောပါမည်။ ကြိုးကို အရောင်စုံလင်စွာ ချည်ရမည်ဖြစ်ကြောင်းနှင့် ကြိုးတစ်ခုနှင့် တစ်ခုကြား အကွာအဝေးကို ညီညာစွာ ချည်ရမည်ဖြစ်ကြောင်းတို့ကို ကြိုးချည်နေစဉ်အတွင်းရှင်းပြရပါမည်။ (အချိန်ရလျှင် ကြိုးမျှင် သေးသေးလေးတွေ ဖြစ်အောင် ခွဲရမည်။)

● ဆရာလုပ်ဆောင်နေသည်ကို စိတ်ပါဝင်စားစွာ ကြည့်ရှုပြီး အုပ်စုအတွင်း အလှည့်ကျကြိုးချည်မည့် အမှတ်စဉ်ကိုဆုံးဖြတ်ကာ တစ်ဦးချင်းအလှည့်ကျ ကြိုးစတင်ချည်မည်။

■ ကလေးများ အုပ်စုလိုက်ပြုလုပ်နေသည်ကို လှည့်လည်ကြည့်ရှုခြင်း၊ လိုအပ်သည်များကို ကူညီပေးခြင်းများပြုလုပ်မည်။

● ကြိုးများကို အားလုံးချည်ပြီး အချိန်ရှိပါက ကြိုးမျှင်လေးများဖြစ်အောင် ခွဲမည်။

■ အုပ်စုအလိုက် ပြုလုပ်ထားသော ကြိုးစကို ကြည့်ပြီးအတန်း၏ မည်သည့်နေရာတွင် အလှဆင်မည်ဆိုသည်ကို တိုင်ပင်ဆွေးနွေးစေမည်။ အဘယ်ကြောင့် ထိုနေရာတွင် အလှဆင်သည်ကို ပြောကြားမည်။ (လေတိုက်တဲ့ နေရာမှာဆို တလွင့်လွင့်ဖြစ်နေပြီး နေရောင်ထိတွေ့တဲ့ နေရာမှာဆို တလက်လက်ဖြစ်နေတာကို သတိပြုမိစေခြင်း။)

● အုပ်စုအလိုက် အချင်းချင်းဆွေးနွေးပြီး အလှဆင်မည့်နေရာကို သတ်မှတ်မည်။ အလှဆင်ရသည့် အကြောင်းရင်းကို ပြောပြမည်။

**နိဂုံး (၅ မိနစ်)**

■ ဖြစ်ပေါ်လာသော ကြိုးတန်းကို တစ်ခြားအုပ်စုများအား ပြ၍ အပြန်အလှန်ထင်မြင်ချက်ပြောစေမည်။

● အပြန်အလှန်ထင်မြင်ချက်ကို ပြောကြမည်။
(ကြိုးတွေ အရောင်စုံသုံးထားတော့ သင်ပုန်းက လှသွားတယ်၊ ကြိုးအတိုလေးတွေ တွဲလောင်းချည်ထားတော့ ပြတင်းပေါက်ဘေးမှာ လှုပ်ယမ်းနေတာလှတယ်နော်။)

DBE Box-Copyright Protected

# ၄-၂ ရွှံ့ဖြင့် ရုပ်ပုံဒီဇိုင်း ပြုလုပ်ခြင်း
## စာသင်ချိန် (၁)ချိန်

### သင်ယူမှုဦးတည်ချက်

ရွှံ့ပြားပေါ်တွင် ကိုယ်ပိုင်စိတ်ကူးဖြင့် ပုံဆွဲ၍ဖဲ့ထုတ်ယူတတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ရွှံ့စေး(၁၅ ကျပ်သားခန့်)၊ ကတ်ထူစက္ကူ၊ ပလတ်စတစ်အိတ်၊ အသင့်ပြုလုပ်ထားသော ရွှံ့ရုပ်ပုံ။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

### နိဒါန်း (၅ မိနစ်)

■ အောက်ပါမေးခွန်းကို ကလေးများအားမေးပါမည်။
ရွှံ့ရုပ်ကလေးတွေနဲ့ ကစားဖူးသလား။ ပထမတန်းမှာတုန်းက ရွှံ့နဲ့ပြုလုပ်ခဲ့တဲ့ သင်ခန်းစာကိုမှတ်မိကြသလား။

● မေးခွန်းများကို ဖြေဆိုမည်။

■ အသင့်ပြုလုပ်ထားသော ရွှံ့ရုပ်ပုံကို ကလေးများအားပြသ၍ ရွှံ့ပေါ်မှာရုပ်ပုံဆွဲပြီး ဖဲ့ထုတ်ယူမည့် သင်ခန်းစာဖြစ်သည်ဟု ပြောပြမည်။

### သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)

■ ရွှံ့ပြားပေါ်တွင် ဒီဇိုင်းပုံစံရေးဆွဲခြင်းကို ကလေးများ၏ ရှေ့တွင် အဆင့်ဆင့်ပြုလုပ်ပြမည်။

■ ပထမဦးစွာ ရွှံ့ကို အပြားပုံသဏ္ဍာန် ပြုလုပ်ပြီး ထိုရွှံ့ပြားပေါ်တွင် ပုံကို ဆွဲပြမည်။ ထိုပုံကို ပေတံဖြင့် အရာဖော်ပြီး ပုံမှအပ ပိုနေသော အပိုင်းများ၊ ဘေးသားများကို ဖဲ့ထုတ်ပြမည်။ ရရှိလာသော ပုံပေါ်တွင်နှစ်သက်ရာ ဒီဇိုင်းကို ဖြည့်စွက်ပြမည်။ ထို့နောက်ဖြစ်ပေါ်လာသော ပုံကို ကလေးများအား ပြသမည်။

● ကလေးများက သေချာစွာ ကြည့်မည်။

■ အုပ်စုများဖွဲ့ပေးပြီး အုပ်စုအလိုက်သင်ထောက်ကူပစ္စည်းများကို ဝေပေးမည်။

■ ရွှံ့ပြားပေါ်တွင် မည်သည့်ပုံရေးဆွဲမည်ကို စဉ်းစားစေမည်။ စဉ်းစားပြီးပါက နမူနာ ပြုလုပ်ပြထားသည့်အတိုင်း ကလေးများကို တစ်ဆင့်ပြီးတစ်ဆင့် ပြုလုပ်စေမည်။

● တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်မည်။

■ လိုက်လံ ကြည့်ရှု၍ လိုအပ်သည်များကို ကူညီပံ့ပိုးပေးမည်။




### သတိပြုရမည့်အချက်များ

၁ လုပ်ဆောင်ရမည့်အဆင့်များကို မရှင်းလင်းပါက ကျောင်းသုံးစာအုပ်ပါပြုလုပ်ပုံအဆင့်ဆင့်ကို လေ့လာကိုးကားနိုင်သည်။

၂ ဒီဇိုင်းဆွဲပြီး၍ ပေတံဖြင့် ဖဲ့ထုတ်ရာတွင် ဆွဲထားသည့်ပုံမပျက်စေရန် သတိပေးရမည်။

### စစ်ဆေးအကဲဖြတ်ခြင်း


၁။ မိမိဆွဲထားသောရုပ်ပုံအား ဖဲ့ထုတ်ယူခြင်း။

| | |
|---|---|
| A | မိမိဆွဲထားသည့် ရုပ်ပုံအား သန့်ရှင်းသပ်ရပ်စွာ ဖဲ့ထုတ်ယူနိုင်ခြင်း။ |
| B | မိမိဆွဲထားသည့် ရုပ်ပုံအား ဖဲ့ထုတ်ယူနိုင်ခြင်း။ |
| C | မိမိဆွဲထားသည့် ရုပ်ပုံအား ဖဲ့ထုတ်မယူနိုင်ခြင်း။ |

DRE Box-Copyright Protected




သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ


ကတ်ထူစက္ကူ


ရွှံ့


ပလတ်စတစ်အိတ်

၄၇

## သတိပြုရမည့်အချက်များ

- ● ရွှံ့အပိုများကို ပလတ်စတစ်အိတ်ထဲ ထည့်ရမည်။
- ၃ ရွှံ့ပြားပေါ်ပုံဆွဲရာတွင် ပုံကြီးကြီးဆွဲရမည်။ သို့မှသာလျှင် ဖွဲ့ထုတ်ရန် အဆင်ပြေမည်။ သင်ခန်းစာ ပြီးဆုံးလျှင် ကလေးများ၏ လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးစေမည်။

## စစ်ဆေးအကဲဖြတ်ခြင်း

၂။ ဖွဲ့ထုတ်ထားသော ပုံအားဖြည့်စွက်ခြင်း။

| | |
|---|---|
| A | ဖွဲ့ထုတ်ထားသော ပုံအားပိုမိုပြင်အောင် ဖြည့်စွက်နိုင်ခြင်း။ |
| B | ဖွဲ့ထုတ်ထားသော ပုံအားဖြည့်စွက်နိုင်ခြင်း။ |
| C | ဖွဲ့ထုတ်ထားသော ပုံအားမဖြည့်စွက်နိုင်ခြင်း။ |

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဂုံး (၅ မိနစ်)**

- ■ အားလုံးပြုလုပ်ပြီးပါက အတူထိုင်နေသော ကလေးအချင်းချင်း မည်သည့်ပုံကို ပြုလုပ်ထားသည်ကို အချင်းချင်းအပြန်အလှန်ပြောမည်။ ချီးကျူးမည်။
- ● ပြုလုပ်ထားသော လက်ရာများကို အပြန်အလှန် ကြည့်၍ ကောင်းသည့် အချက်များကို ချီးကျူးကြမည်။
- ■ ကလေးလက်ရာများကို အိမ်ကိုပေး၍ ကျန်ရှိနေသော ရွှံ့အပိုင်းအစများကို ဆရာက ပြန်သိမ်းမည်။

DBE Box-Copyright Protected

## ၄-၃ သစ်ရွက်များဖြင့် အဆင်တန်ဆာ အမျိုးမျိုးပြုလုပ်ခြင်း

**စာသင်ချိန် (၁)ချိန်**

**သင်ယူမှုဦးတည်ချက်**

သစ်ရွက်များကို အဆင်တန်ဆာအမျိုးမျိုးပြုလုပ်တတ်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

သစ်ရွက်ခြွေများ၊ တုတ်ချောင်းအသေး၊ အုန်းလက်တံ၊ သစ်ရွက်ဖြင့်ပြုလုပ်ထားသောသရဖူ။

### သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**

- ■ ပထမတန်းတွင်သစ်ရွက်ကိုအသုံးပြု၍ မည်ကဲ့သို့သော အရာများပြုလုပ်ခဲ့ကြသည်ကို မေးမြန်းမည်။
- ● မေးခွန်းများအားဖြေဆိုမည်။
- ■ ယခုသင်ခန်းစာက သစ်ရွက်တွေနဲ့ အဆင်တန်ဆာပြုလုပ်မည့် သင်ခန်းစာ ဖြစ်ကြောင်းရှင်းပြမည်။
- ■ မှာလိုက်တဲ့ သစ်ရွက်တွေရော ပါလာကြရဲ့လားဟု မေးမြန်းမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

- ■ သစ်ရွက်တစ်ရွက်နှင့် တစ်ရွက်ကို တုတ်ချောင်းဖြင့် ချိတ်ဆက်၍ပြုလုပ်ထားသောသရဖူကို ခေါင်းတွင်ဆောင်းပြမည်။
- ■ ပြီးနောက် သရဖူကိုဆောင်းကာ မင်းသား သို့မဟုတ် မင်းသမီး အိုက်တင်လုပ်ပြမည်။
- ■ အခန်းတွင်းရှိ ကျောင်းသားဦးရေအလိုက်အုပ်စုခွဲ၍ သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများကို ခွဲဝေပေးမည်။ အုပ်စုအလိုက်မည်သည့် ပစ္စည်းပြုလုပ်မည်ဆိုသည်ကို စဉ်းစားစေမည်။
- ■ အဆင်တန်ဆာကို ဝတ်ဆင်မည့်နေရာ(ခေါင်း၊ လက်ကောက်ဝတ်)၏ အရှည်တွင် အရွက်မည်မျှသုံးမည်ကို သိရှိရန် တိုင်းတာစေမည်။
- ■ ကလေးများ အုပ်စုအလိုက်လုပ်ဆောင်နေသည်ကို ကြည့်ပြီး လိုအပ်ပါက ပံ့ပိုးကူညီပေးမည်။
- ● အုပ်စုဝင်များ တိုင်ပင်ပြီး ဆွေးနွေးထားသည့်ပုံသဏ္ဌာန်ကို လွတ်လပ်စွာပြုလုပ်ပြီး၊ အုပ်စုဝင်တစ်ဦးက စုပေါင်းပြုလုပ်ထားသည့် အဆင်တန်ဆာကို ဆင်မြန်းပြမည်။
- ● သစ်ရွက်များကိုသေသေချာချာ(သေသပ်စွာ) ချိတ်ဆက်ထားခြင်း ရှိ၊ မရှိ စစ်ဆေးကြမည်။




**သတိပြုရမည့်အချက်များ**

- ဤသင်ခန်းစာသင်ကြားရာ၌ သစ်ရွက်ခြွေများရှိရန် ခက်ခဲသော မိုးရာသီကို ရှောင်မည်။
- စာသင်ချိန်မတိုင်မီ သစ်ရွက်များနှင့် တုတ်ချောင်းငယ်များကို ကြိုတင်ပြင်ဆင်ထားရမည်။

  ကြွေကျနေသော သစ်ရွက်များကိုသာကောက်ရန်နှင့် သစ်ပင်မှ မခူးရန် မှာကြားရမည်။ သစ်ရွက်များယူဆောင်လာပါစေ။ စာအုပ်ကြားတွင် ညှပ်ယူလာရန် ကြိုတင်ပြောပါ။

**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ သစ်ရွက်များကို ချိတ်ဆက်၍ အဆင်တန်ဆာများကို ပြုလုပ်ခြင်း။

| | |
|---|---|
| A | သစ်ရွက်များကို ခိုင်မြဲအောင် အဆင်တန်ဆာများ ပြုလုပ်နိုင်ခြင်း။ |
| B | သစ်ရွက်များကို အဆင်တန်ဆာများ ပြုလုပ်နိုင်ခြင်း။ |
| C | သစ်ရွက်များကို အဆင်တန်ဆာများ မပြုလုပ်နိုင်ခြင်း။ |

DBE Box-Copyright Protected




## သတိပြုရမည့်အချက်များ

၁ တုတ်ချောင်းများဖြင့်မျက်လုံး၊ လက်တို့ကို မထိုးမိစေရန် သတိပြုစေမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

၂။ အဆင်တန်ဆာများကိုဝတ်ဆင်၍ အုပ်စုလိုက်သရုပ်ဆောင်ခြင်း။

| | |
|---|---|
| A | အုပ်စုဝင်အားလုံး တက်ကြွပျော်ရွှင်စွာ သရုပ်ဆောင်နိုင်ခြင်း။ |
| B | အုပ်စုဝင်အားလုံး သရုပ်ဆောင်နိုင်ခြင်း။ |
| C | အုပ်စုဝင်အားလုံး ပါဝင်သရုပ်မဆောင်နိုင်ခြင်း။ |

# သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဂုံး (၅ မိနစ်)**

■ အုပ်စုအလိုက် ပြုလုပ်ထားသည့် အဆင်တန်ဆာသည် မည်သည့်အဆင်တန်ဆာ ဖြစ်သည်၊ မည်ကဲ့သို့ အသုံးပြုမည်ဆိုသည်များကို ရှင်းလင်းတင်ပြပြီး ထိုပစ္စည်းများကို ဝတ်ဆင်၍ သရုပ်ဆောင်ပြစေမည်။

● ရှင်းလင်းတင်ပြမည်။ သရုပ်ဆောင်ပြမည်။

■ ဆရာက သရုပ်ဆောင်ပြသသွားသော ကလေးများ၏ ပူးပေါင်းဆောင်ရွက်မှုကို အသိအမှတ်ပြုကာ ချီးကျူးပေးမည်။

■ စာသင်ချိန်ပြီးဆုံးပါက ကလေးလက်ရာများကို ဆရာက သိမ်းဆည်းပြီး သစ်ရွက်တစ်ရွက်နှင့် တစ်ရွက်ကြားရှိ တုတ်ချောင်းအသေးကို ဖြုတ်၍ အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်မည်။

DBE Box-Copyright Protected

# ၅-၁ မြန်မာ့ပန်းပွတ်ပညာကို လေ့လာခြင်း

**စာသင်ချိန် (၁)ချိန်**

**သင်ယူမှုဦးတည်ချက်**

မြန်မာတိုင်းရင်းသားတို့၏ ပန်းပွတ်အနုပညာကို သိရှိနားလည်ရန်။

**သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ**

သစ်သားပုတီး၊ A4 စက္ကူ၊ ကတ်ကြေး၊ ကျောင်းသုံးစာအုပ်ထဲမှ သင်ခန်းစာကို အကြီးချဲ့ထားသော ပိုစတာ။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**

■ သစ်သားပုတီးတစ်ခုကို ပြသ၍ ပစ္စည်း၏အမည်နှင့် ထိုပစ္စည်းအား မည်သည့်အရာနှင့် ပြုလုပ်ထားသည်၊ မည်သည့်နေရာတွင် အသုံးပြုသည်၊ မည်ကဲ့သို့ အသုံးပြုရသည်တို့ကို မေးမည်။

● မေးခွန်းများဖြေဆိုမည်။

■ ပုတီးသည် ပန်းပွတ်အနုပညာဖြင့် ပြုလုပ်ထားသော ပစ္စည်းဖြစ်ပြီး၊ ပန်းပွတ်အနုပညာကို လေ့လာကြမည် ဖြစ်ကြောင်း ပြောကာ သင်ခန်းစာကို နိဒါန်းပျိုးပါမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

■ A4 စက္ကူဖြင့် ကြိုတင်ပြင်ဆင်ညှပ်ထားသော ဆွမ်းအုပ်ပုံ သို့မဟုတ် ပန်းအိုးပုံ သို့မဟုတ် အိုးပုံတစ်ခုကို ပြ၍ အောက်ပါမေးခွန်းများကို မေးပါမည်။

ရှေ့တည့်တည့်က ကြည့်ရင် ဘယ်လိုမြင်ရသလဲ။ (ကလေးများ မဖြေဆိုနိုင်ပါက ပန်းပွတ်လက်ရာပစ္စည်းများသည် ဘယ်ညာ ဘက်ညီမြင်ရကြောင်း ရှင်းပြပါ။)

■ ထို့နောက် ကလေးများကို A4 စက္ကူ တစ်ဝက်စီ ဝေပေးပြီး ထိုစက္ကူအား ခေါက်ချိုးချိုးစေပါ။ ကျောင်းသုံးစာအုပ်ပါ ပန်းအိုးပုံ၏ တစ်ဝက်ကို ရေးဆွဲစေမည်။ ရေးဆွဲပြီးပုံကို ကတ်ကြေးဖြင့် ညှပ်ပါ။ ထို့နောက်ရရှိလာသောပုံကို ဖြန့်ကြည့်ပါ။ ဘယ်ညာ ဘက်ညီပုံကို ရရှိပါမည်။ ထိုအချက်သည် ပန်းပွတ်အနုပညာ၏ အခြေခံဖြစ်ကြောင်း ရှင်းပြမည်။

■ ထို့နောက် ကျောင်းသုံးစာအုပ်ပါ ပုံများကို ပြသ၍ ၎င်းတို့သည် ပန်းပွတ်အနုပညာဖြင့် ပြုလုပ်ထားကြောင်း၊ ပြုလုပ်ပုံအဆင့်ဆင့်ကို ကလေးများနားလည်လွယ်သော စကားများ သုံးနှုန်း၍ ရှင်းပြမည်။

● မေးခွန်းများကို ဖြေဆိုမည်။


အခန်း(၅) မြန်မာ့ရိုးရာအနုပညာကို သိရှိနားလည်ခြင်း

သင်ခန်းစာ(၁) မြန်မာ့ပန်းပွတ်ပညာကို လေ့လာခြင်း

ကိုယ်လုပ်ချင်တဲ့ပုံစံကို အခြေခံဘက်ညီဒီဇိုင်းအရင်ရေးဆွဲရတယ်။

၁ ပြုလုပ်ပုံအဆင့်ဆင့်ကို လေ့လာခြင်း

၁။ ပတ်လည်သစ်သားတုံးကို ပွတ်စင်၌ ပြင်ဆင်ခြင်း။

၂။ လိုင်းရာထား အမှတ်များကို ဆောက်ဖြင့် အရာပေးခြင်း။

၃။ တစ်ခုချင်းစီကို ဖြတ်ယူခြစ်ထုတ်ခြင်း။

၄။ အခြေခံပုံစံ အကြမ်းထည် ရယူခြင်း။

၅။ အခုံးအခွက်များကို ဆောက်ဖြင့် ပုံဖော်ခြင်း။

၆။ အချောသပ်ကော်ဖတ်တိုက်စားခြင်း။

၄၀

**သတိပြုရမည့်အချက်များ**

၁ အမျိုးမျိုးသောသစ်သားကိုအသုံးပြု၍ရသော်လည်း ပန်းပွတ်ကို ပြုလုပ်ရာတွင်အသင့်တော်ဆုံးသစ်မှာကျွန်းသစ်ဖြစ်ကြောင်းကို နားလည်သဘောပေါက်စေမည်။ ကျွန်းသစ်သည် ခိုင်ခံ့မာကျောသည့်အတွက် ပုံသဏ္ဍာန်ဖော်ရ လွယ်ကူကြောင်းကိုလည်း ရှင်းပြမည်။

၁ ပန်းပွတ်ပညာ၏ ဒီဇိုင်းများကို ကြည့်ရှုလေ့လာစေမည်။

၁ အရောင်တင်ပြီးနှင့်မတင်ရသေးသောပန်းပွတ်၏ ခြားနားချက်ကို သိရှိနားလည်စေမည်။

**စစ်ဆေးအကဲဖြတ်ခြင်း**

၁။ ပန်းပွတ်အနုပညာဖြင့် ပြုလုပ်ထားသောပစ္စည်းများကို ပြောခြင်း။

| | |
|---|---|
| A | လက်ရာများကို အုပ်စုအလိုက် ပြောပြနိုင်ခြင်း။ |
| B | လက်ရာအချို့ကို အုပ်စုအလိုက် ပြောပြနိုင်ခြင်း။ |
| C | အုပ်စုအလိုက် မပြောပြနိုင်ခြင်း။ |

UBE Box-Copyright Protected




## သတိပြုရမည့်အချက်များ

- ၂ မြန်မာ့ယဉ်ကျေးမှုအဆောက်အအုံတို့တွင် ပန်းပွတ်လက်ရာများကို တွေ့နိုင်သည်။
- ၃ ကျောင်းသားများမှ တစ်ဆင့်မိသားစုများအထိ ပန်းပွတ်အနုပညာကို တန်ဖိုးထားတတ်စေရန် ပြုစုပျိုးထောင်ပေးမည်။

# သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

## သင်ခန်းစာဖြစ်စဉ်

- ■ ကျောင်းသား အရေအတွက်အရ အုပ်စုများဖွဲ့ပါ။ အုပ်စုအလိုက် အောက်ပါမေးခွန်းကို တိုင်ပင်ဆွေးနွေး ဖော်ထုတ်စေပြီး တင်ပြစေမည်။
- ■ ကလေးတို့ ပတ်ဝန်းကျင်မှာ ပန်းပွတ်အနုပညာနဲ့ ပြုလုပ်ထားတဲ့ ပစ္စည်းတွေကဘာတွေလဲ။
- ● အုပ်စုအလိုက် တင်ပြမည်။
- ■ အုပ်စုအလိုက်တင်ပြပြီးပါက ကျောင်းသုံးစာအုပ်ပါ နမူနာပုံများနှင့် ချိတ်ဆက်၍ အောက်ပါအတိုင်း ဖြည့်စွက်ဆွေးနွေးမည်။
- ■ မြန်မာနိုင်ငံတွင် တိုင်းရင်းသားအမျိုးမျိုး နေထိုင်လျက်ရှိပြီး ထိုတိုင်းရင်းသား လူမျိုးအလိုက် ပန်းပွတ်အနုပညာဖြင့် ဖန်တီးပြုလုပ်ထားသော ပစ္စည်းအမျိုးမျိုးရှိကြောင်း၊ ကချင်၊ ရှမ်း တိုင်းရင်းသားများတွင် အိုးစည်များ၊ ကယား၊ ရခိုင်တိုင်းရင်းသားများတွင် ဗိုင်းငင်ရဟတ်၏ ဒေါက်တိုင်များ၊ ကရင်တိုင်းရင်းသားများတွင် ဖားစည်၏ ဒေါက်တိုင်များ၊ ဗမာတိုင်းရင်းသားများတွင် နွားထမ်းပိုးချပ်၊ မွန်တိုင်းရင်းသားတွင် လှည်းပဒေါင်း၊ ချင်းတိုင်းရင်းသားများတွင် ဝါကြိတ်လုံးတို့သည် ပန်းပွတ်အနုပညာဖြင့် ဖန်တီးထားသော ပစ္စည်းဖြစ်ကြောင်း ရှင်းပြမည်။

## နိဂုံး (၅ မိနစ်)

- ■ ပန်းပွတ်အနုပညာဖြင့် ပြုလုပ်ထားသော ပစ္စည်းများသည် တိုင်းရင်းသား အားလုံးအတွက်အရေးကြီးပါသလား။ ဘာကြောင့်လဲ။
- ● ကလေးများ ဖြေဆိုကြမည်။
- ■ ဖြေဆိုချက်များ အပေါ် မူတည်၍ ပန်းပွတ်အနုပညာသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားအားလုံး၏ ယဉ်ကျေးမှု အမွေအနှစ်များဖြစ်သည့်အတွက် တန်ဖိုးထားထိန်းသိမ်းနိုင်ရန် အလွန်အရေးကြီးကြောင်း ပြောကာ သင်ခန်းစာကို နိဂုံးချုပ်ရမည်။

DBE Box-Copyright Protected

## ၅-၂-၁ မိမိနိုင်ငံရှိ အနုပညာရှင်များနှင့် သူတို့၏ လက်ရာများကို လေ့လာခြင်း ပန်းချီပညာရှင် ဦးဘညွန့် စာသင်ချိန် (၁)ချိန်

### သင်ယူမှုဦးတည်ချက်
မြန်မာနိုင်ငံအနုပညာရှင်များ၏ လက်ရာများကို သိရှိနားလည်တတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ
ကျောင်းသုံးစာအုပ်ထဲမှ သင်ခန်းစာကို အကြီးချဲ့ထားသော ပိုစတာ။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဒါန်း (၅ မိနစ်)**

■ အောက်ပါမေးခွန်းများကို မေးမည်။
- ပန်းချီပုံတွေ့ဖူးသလား။
- အဲ့ဒီပန်းချီပုံတွေကို ဘယ်သူဆွဲတာလဲ။

● ကလေးများက ဖြေဆိုမည်။

■ ကျောင်းသုံးစာအုပ်ပါ ပုံများကိုပြ၍ ဘယ်သူဆွဲထားတယ် ထင်သလဲဟု မေးမည်။

● ကလေးများ လွတ်လပ်စွာ ဖြေဆိုကြမည်။

■ ပန်းချီဆရာကြီး ဦးဘညွန့်၏ ပန်းချီကားချပ်များဖြစ်ကြောင်း ပြောပြမည်။ ဦးဘညွန့် အကြောင်းကို လေ့လာကြမည်ဟု ပြောကာသင်ခန်းစာကို နိဒါန်းပျိုးမည်။

**သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)**

■ ပုံ (၁) (၂) (၃) (၄) ကို ကြည့်စေပြီး ၎င်းတို့နှင့် ပတ်သက်၍ အောက်ပါမေးခွန်းများကို မေးမည်။
- ဘာတွေတွေ့သလဲ။
- ဘယ်နေရာမှာလဲ။
- ဘယ်အချိန်လဲ။
- ဘာတွေလုပ်နေကြသလဲ။
- ဘာလို့အဲ့ဒီလိုထင်တာလဲ။

● မေးခွန်းများ ဖြေဆိုမည်။

■ ပန်းချီဆရာကြီး ဦးဘညွန့်၏ အကြောင်းကို အကျဉ်းချုပ်ရှင်းပြပြီး ၎င်းရေးဆွဲသည့်ပုံများသည် လူနေမှုပုံစံများကို သရုပ်ဖော်သည့် ပန်းချီများဖြစ်ကြောင်းရှင်းပြမည်။

**အခန်း(၅) မြန်မာ့ရိုးရာအနုပညာကို သိရှိနားလည်ခြင်း**


**သင်ခန်းစာ(၂-၁) မိမိနိုင်ငံရှိအနုပညာရှင်များနှင့်သူတို့၏ လက်ရာများကို လေ့လာခြင်း**



ပန်းချီဆရာကြီး ဦးဘညွန့်
(၁၈၉၇-၁၉၄၅)

ဆင်တွေကို ဘယ်နေရာမှာ တွေ့နိုင်သလဲ။
သစ်လုံးကို ဆင်က ဘာကြောင့်တွန်းနိုင်သလဲ။
သစ်လုံး၊ ဆင်နှင့် လူမှာ ဘယ်ဟာက အကြီးဆုံးလဲ။

၁








၂

၄၂

### သတိပြုရမည့်အချက်များ
၁ ပန်းချီကားကိုကြည့်၍ မည်ကဲ့သို့သော နေရာဖြစ်သည်ကို ခန့်မှန်းစေမည်။

၁ ၎င်းနေရာရှိလူနှင့် ဆင်တို့၏နေထိုင်မှုပုံစံကို ခန့်မှန်းစေမည်။ ပန်းချီကားကိုကြည့်၍ မည်ကဲ့သို့ ခံစားရသည်ကို မေးမည်။

၂ ဘုန်းကြီးကျောင်း၏ ဆိတ်ငြိမ်သော ပတ်ဝန်းကျင် အနေအထားကို ခံစားသိရှိစေမည်။

### စစ်ဆေးအကဲဖြတ်ခြင်း
၁။ ကျောင်းသုံးစာအုပ်ပါ လက်ရာကို လေ့လာပြီး မြန်မာ့အနုပညာကို စိတ်ဝင်စားမှုရှိခြင်း။

| | |
|---|---|
| A | ပန်းချီကားနှင့် ပတ်သက်သောမေးခွန်းကို ဖြေကြားနိုင်ပြီး မြန်မာ့အနုပညာနှင့် ပတ်သက်၍ အသေးစိတ်သိရှိကြောင်း စိတ်ပါဝင်စားမှုကို ဖော်ပြခြင်း။ |
| B | ပန်းချီကားနှင့်ပတ်သက်သော မေးခွန်းကို အနည်းငယ်ဖြေကြားနိုင်ပြီး မြန်မာ့အနုပညာနှင့် ပတ်သက်၍ စိတ်ပါဝင်စားမှုရှိခြင်း။ |
| C | ပန်းချီကား၊ မြန်မာ့အနုပညာနှင့် ပတ်သက်၍ စိတ်ဝင်စားမှု မရှိခြင်း။ |

DBE Box Copyright Protected

ပန်းချီဆရာကြီး ဦးဘညွန့်၏ လက်ရာများ

၃



၄



၄၃

### သတိပြုရမည့်အချက်များ

၃ ပွဲတော်၏ ပျော်ရွှင်စရာကောင်းသော ပတ်ဝန်းကျင်အနေအထား ကို ခံစားသိရှိစေမည်။

၄ ဆိပ်ကမ်းတွင် အလုပ်လုပ်သည့်လူများ၏ အနေအထားကို စဉ်းစားစေမည်။

● ပုံများကို ကြည့်ရှုခံစားနိုင်ရန် အချိန်ပေးရမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

၂။ ပန်းချီလက်ရာများကိုကြည့်၍ မြန်မာ့ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို နားလည်ခြင်း။

| | |
|---|---|
| A | ပန်းချီလက်ရာများကိုကြည့်၍ ခံစားသိမြင်လာသည့် မြန်မာ့ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို အသေးစိတ်ရှင်းပြနိုင်ခြင်း။ |
| B | ဆရာက နိမိတ်ပြမေးခွန်းမေးပါက ရှင်းပြနိုင်ခြင်း။ |
| C | ဆရာက နိမိတ်ပြမေးခွန်းမေးသော်လည်း မရှင်းပြနိုင်ခြင်း။ |

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

### နိဂုံး (၅ မိနစ်)

■ ပန်းချီကား(၄)ချပ်ကို ကြည့်၍ဘယ်ပန်းချီကားကို အနှစ်သက်ဆုံးလဲဟု မေးမည်။ အဘယ်ကြောင့် နှစ်သက်ရသလဲဟု မေးမည်။

● နှစ်သက်ရသည့်အကြောင်းရင်းကို ဖြေမည်။

■ ပန်းချီကား(၄)ချပ်ကိုကြည့်၍မည်ကဲ့သို့သော ပုံကိုရေးဆွဲချင်စိတ်ဖြစ်ပေါ်လာသည်ကိုစဉ်းစားစေမည်။

● ရေးဆွဲချင်စိတ်ဖြစ်ပေါ်လာသည့်ပုံနှင့်ပတ်သက်၍ လွတ်လပ်စွာ ဖြေဆိုမည်။

■ ဒီပန်းချီကားများအပြင် ပန်းချီဆရာကြီး ဦးဘညွန့်၏ လက်ရာမြောက်သော ပန်းချီကားချပ်များရှိသေးကြောင်း ပြောကာ သင်ခန်းစာကို နိဂုံးချုပ်ပါမည်။

### ပန်းချီဆရာကြီး ဦးဘညွန့်၏ ကိုယ်ရေးအကျဉ်းချုပ်

■ ပန်းချီဆရာကြီးဦးဘညွန့်ကို အဖဦးဘအိုနှင့် အမိဒေါ်ညိုတို့က ၁၈၉၇ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးပန်းတနော်မြို့၌ မွေးဖွားခဲ့သည်။ ငယ်စဉ်ကပန်းချီဝါသနာပါခဲ့ပြီး အသက်(၁၄)နှစ်အရွယ်တွင် စပ်ပန်းချီကို ဆရာဦးဘိုးမောင်ထံတွင် ပညာသင်ယူခဲ့သည်။ မြန်မာရိုးရာပန်းချီနှင့်စပ်ပန်းချီများ ကျွမ်းကျင်ခဲ့ပြီး နော်မံအထကတွင် ပညာသင်ရာ၌ထူးချွန်သဖြင့် ဘုရင်ခံနှင့် ပညာမင်းကြီးကချီးကျူးစာပေးပို့ခဲ့သည်။ မော်လမြိုင်မြို့ မစ္စတာကင့်ချ်ထံတွင် ဥရောပပန်းချီကို လေ့လာပြီး ၁၉၂၀တွင် ပါမောက္ခဂျိမ်းဝါဒ်က ရန်ကုန်ဟိုက်စကူးတွင် ပုံဆွဲဆရာခန့်ခဲ့သည်။

အင်္ဂလန်တွင် ဥရောပပန်းချီရေးနည်းစနစ်ကို သင်ကြားယူခဲ့ပြီး ၁၉၂၄တွင် တော်ဝင်ပန်းချီသိပ္ပံမှ အောင်လက်မှတ်ရရှိခဲ့သည်။ ဆရာကြီးသည် အနောက်တိုင်းပန်းချီရေးနည်းပညာများကို ပို့ချပေးခဲ့ပြီး ၁၉၄၅ ခုနှစ်၊ မော်လမြိုင်မြို့နယ်၊ ကတိုးရွာတွင် ကွယ်လွန်ခဲ့သည်။

စပ်ပန်းချီ= စက္ကူ၊ ကောက်ရိုး၊ တုတ်ချောင်း၊ နှစ်သက်ရာပစ္စည်းများဖြင့် ပေါင်းစပ်ဖန်တီးထားသော ပန်းချီ။

မူပိုင်ခွင့်
ကျောင်းသုံးစာအုပ်တွင် ဖော်ပြထားသောအကြောင်းအရာများသည် သက်ဆိုင်ရာမိသားစုထံမှ ခွင့်ပြုချက်ရရှိပြီးဖြစ်ပါသည်။

DBE Box-Copyright Protected

## ၅-၂-၂ မိမိနိုင်ငံရှိ အနုပညာရှင်များနှင့် သူတို့၏ လက်ရာများကို လေ့လာခြင်း ပန်းချီပညာရှင် ဦးဘကြည် စာသင်ချိန် (၁)ချိန်

### သင်ယူမှုဦးတည်ချက်

မြန်မာနိုင်ငံအနုပညာရှင်များ၏ လက်ရာများကို သိရှိနားလည်တတ်ရန်။

### သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ

ကျောင်းသုံးစာအုပ်ထဲမှ သင်ခန်းစာကို အကြီးချဲ့ထားသော ပိုစတာ။

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

### နိဒါန်း (၅ မိနစ်)

- ■ အောက်ပါမေးခွန်းများကို မေးမည်။
  - ပန်းချီပုံတွေ့ဖူးသလား။
  - အဲ့ဒီပန်းချီပုံတွေကို ဘယ်သူဆွဲတာလဲ။
- ● မေးခွန်းများကို ဖြေဆိုမည်။
- ■ ကျောင်းသုံးစာအုပ်ပါ ပုံများကို ပြ၍ ဘယ်သူဆွဲထားတယ် ထင်သလဲဟု မေးမည်။
- ● လွတ်လပ်စွာ ဖြေဆိုကြမည်။
- ■ ပန်းချီဆရာကြီး ဦးဘကြည်၏ ပန်းချီကားချပ်များဖြစ်ကြောင်း ပြောပြမည်။ ဦးဘကြည်အကြောင်းကို လေ့လာကြမည်ဟု ပြောကာသင်ခန်းစာကို နိဒါန်းပျိုးမည်။

### သင်ခန်းစာဖြစ်စဉ် (၃၀ မိနစ်)

- ■ ပုံ (၁) (၂) (၃) (၄) ကို ကြည့်စေပြီး ၎င်းတို့နှင့် ပတ်သက်၍ အောက်ပါမေးခွန်းများကို မေးမည်။
  - ဘာတွေတွေ့ခဲ့သလဲ။
  - ဘယ်နေရာမှာလဲ။
  - ဘယ်အချိန်လဲ။
  - ဘာတွေလုပ်နေကြသလဲ။
  - ဘာလို့အဲ့ဒီလိုထင်တာလဲ။
- ● မေးခွန်းများ ဖြေဆိုမည်။
- ■ ပန်းချီဆရာကြီး ဦးဘကြည် အကြောင်းကို အကျဉ်းချုပ်ရှင်းပြပြီး ၎င်းရေးဆွဲသည့်ပုံများသည် လူနေမှုပုံစံများကို သရုပ်ဖော်သည့် ပန်းချီများဖြစ်ကြောင်း ရှင်းပြမည်။




### သတိပြုရမည့်အချက်များ

1. ပန်းချီကားကိုကြည့်၍ ဂီတတူရိယာများ၏ အသံကို ခန့်မှန်းစေမည်။
2. ပို့စကတ်၏ အရောင်သုံးပုံသုံးနည်းနှင့် ရေးပုံရေးနည်းကို လေ့လာကြည့်ရှုစေမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

၁။ ကျောင်းသုံးစာအုပ်ပါ လက်ရာကို လေ့လာပြီး မြန်မာ့အနုပညာကို စိတ်ဝင်စားမှုရှိခြင်း။

| | |
|---|---|
| A | ပန်းချီကားနှင့် ပတ်သက်သောမေးခွန်းကို ဖြေကြားနိုင်ပြီး မြန်မာ့အနုပညာနှင့် ပတ်သက်၍ စိတ်ပါဝင်စားမှုကို ဖော်ပြနိုင်ခြင်း။ |
| B | ပန်းချီကားနှင့် ပတ်သက်သော မေးခွန်းကို အနည်းငယ်ဖြေကြားနိုင်ပြီး မြန်မာ့အနုပညာနှင့် ပတ်သက်၍ စိတ်ပါဝင်စားမှုရှိခြင်း။ |
| C | ပန်းချီကား၊ မြန်မာ့အနုပညာနှင့် ပတ်သက်၍ စိတ်ဝင်စားမှု မရှိခြင်း။ |

DBE Box-Copyright Protected

ပန်းချီဆရာကြီး ဦးဘကြည်၏ လက်ရာများ

၃


၄


၄၅

### သတိပြုရမည့်အချက်များ

၃ စည်ကားသိုက်မြိုက်သောရှင်ပြုပွဲကို ခံစားသိမြင်စေမည်။

၄ ကျေးလက်လယ်ယာရှုခင်းကို ခံစားသိမြင်စေမည်။

### စစ်ဆေးအကဲဖြတ်ခြင်း

၂။ ပန်းချီလက်ရာများကိုကြည့်၍ မြန်မာ့ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို စိတ်ဝင်စားမှုရှိခြင်း။

| | |
|---|---|
| A | ပန်းချီလက်ရာများကိုကြည့်၍ ခံစားသိမြင်လာသည့် မြန်မာ့ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို အသေးစိတ်ရှင်းပြနိုင်ခြင်း။ |
| B | ဆရာက နိမိတ်ပြမေးခွန်းမေးပါက ရှင်းပြနိုင်ခြင်း။ |
| C | ဆရာက နိမိတ်ပြမေးခွန်းမေးသော်လည်း မရှင်းပြနိုင်ခြင်း။ |

DBE Box-Copyright Protected

## သင်ကြားသင်ယူမှုလုပ်ငန်းစဉ်

**နိဂုံး (၅ မိနစ်)**

- ■ ပန်းချီကား(၄)ချပ်ကို ကြည့်၍ဘယ်ပန်းချီကားကို အနှစ်သက်ဆုံးလဲဟု မေးမည်။ အဘယ်ကြောင့် နှစ်သက်ရသလဲဟု မေးမည်။
- ● နှစ်သက်ရသည့်အကြောင်းရင်းကို ဖြေမည်။
- ■ ပန်းချီကား(၄)ချပ်ကိုကြည့်၍ မည်ကဲ့သို့သော ပုံကိုရေးဆွဲချင်စိတ်ဖြစ်ပေါ်လာသည်ကို စဉ်းစားစေမည်။
- ● ရေးဆွဲချင်စိတ်ဖြစ်ပေါ်လာသည့်ပုံနှင့် ပတ်သက်၍ လွတ်လပ်စွာ ဖြေဆိုမည်။
- ■ ထိုပန်းချီကားများအပြင် ပန်းချီဆရာကြီး ဦးဘကြည်၏ လက်ရာမြောက်သော ပန်းချီကားချပ်များရှိသေးကြောင်း ပြောကာ သင်ခန်းစာကို နိဂုံးချုပ်ပါမည်။

**ပန်းချီဆရာကြီး ဦးဘကြည်၏ ကိုယ်ရေးအကျဉ်းချုပ်**

■ ပန်းချီးဆရာကြီး ဦးဘကြည်ကို အဖဦးဘရှင်နှင့် အမိ ဒေါ်အေးမြတို့က ၁၉၁၂ ခုနှစ်တွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့တွင် မွေးဖွားခဲ့သည်။ ရန်ကုန်တက္ကသိုလ် ဉပစာသိပ္ပံ အထိ ပညာသင်ယူခဲ့ပြီး ဆရာကြီးဦးဘဉာဏ်ထံတွင် ပန်းချီပညာကို လေ့လာသင်ယူခဲ့သည်။ အနုပညာကျောင်းတွင်နည်းပြဆရာအဖြစ် အမှုထမ်းဆောင်ခဲ့ပြီး ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ကထိကအဖြစ် အမှုထမ်းခဲ့သည်။ ပြင်သစ်နိုင်ငံတွင် ပညာတော်သင်အဖြစ် ပန်းချီပညာကို (၂)နှစ်တာ ဆည်းပူးခဲ့သည်။ ၁၉၅၂ ခုနှစ်မှစ၍ ရှေးရိုးမြန်မာပန်းချီရေးနည်းကို သုတေသနပြု ဖော်ထုတ်ရေးဆွဲခဲ့ပါသည်။

ထို့နောက် အမေရိကန်ပြည်ထောင်စုတွင် ပညာတော်သင်သွားရောက်ခဲ့သည်။ ဆရာကြီးသည် လန်ဒန်တော်ဝင် ပန်းချီအသင်းကြီးမှ ရာသက်ပန်အဖွဲ့ဝင်အဖြစ် Fellow of the Royal Society of Arts ဘွဲ့ထူးကို ချီးမြှောက်ခံရပါသည်။ ၁၉၈၁-၁၉၉၂ ခုနှစ် အထိ မြန်မာ့ရိုးရာပန်းပညာရှင်များအစည်းအရုံး (ဗဟို)တွင် ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၀ပြည့်နှစ် ဧပြီလ ၁၅ရက်တွင် ကွယ်လွန်ခဲ့ပါသည်။

**မူပိုင်ခွင့်**

ကျောင်းသုံးစာအုပ်တွင် ဖော်ပြထားသောအကြောင်းအရာများသည် သက်ဆိုင်ရာမိသားစုထံမှ ခွင့်ပြုချက်ရရှိပြီးဖြစ်ပါသည်။

# အနုပညာ(ပန်းချီ)စာအုပ်တွင် အသုံးပြုမည့်ပစ္စည်းများ


**ပန်းချီဆွဲရန် သုံးသောပစ္စည်း**



ဖယောင်းရောင်စုံ


ရေဆေး ဖျော်ထားသော ခွက်



စုတ်တံ


**လက်မှုတွင် သုံးမည့်ပစ္စည်း**


အအေးပိုက်


A4 စက္ကူ


သတင်းစာ


ကတ်ထူစက္ကူ



အုန်းလက်တံ


အဝတ်စုတ်



ပလတ်စတစ်ကြိုး (ရောင်စုံ)


သစ်ရွက်


ရွှံ့



ပလတ်စတစ်အိတ်

**လက်မှုတွင် သုံးမည့်ကိရိယာ**


ကတ်ကြေး


ကော်


တိပ်


ချုပ်စက်

DBE Box-Copyright Protected

# အနုပညာ(ပန်းချီ)စာအုပ်တွင် အသုံးပြုမည့်ပစ္စည်းများ


**ပန်းချီဆွဲရန် သုံးသောပစ္စည်း**



ဖယောင်းရောင်စုံ


ရေဆေး ဖျော်ထားသော ခွက်



စုတ်တံ


**လက်မှုတွင် သုံးမည့်ပစ္စည်း**


အအေးပိုက်


A4 စက္ကူ


သတင်းစာ


ကတ်ထူစက္ကူ



အုန်းလက်တံ


အဝတ်စုတ်



ပလတ်စတစ်ကြိုး (ရောင်စုံ)


သစ်ရွက်


ရွှံ့



ပလတ်စတစ်အိတ်

**လက်မှုတွင် သုံးမည့်ကိရိယာ**


ကတ်ကြေး


ကော်


တိပ်


ချုပ်စက်

DBE Box-Copyright Protected